# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၁၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆၆)


## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဒါတို ဆရီ အဗ္ဗဒူလာ ဟာဂျီအာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

ထိုင်းနိုင်ငံဝန်ကြီးချုပ်
မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့

**နေပြည်တော် မတ် ၁၄**

မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့သည် ၁၉၃၅ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် စိန့်ဂါဘရီယယ်(လ်)ကောလိပ်နှင့် Assumption Commercial ကောလိပ်တို့သို့ တက်ရောက်ခဲ့ပြီး ထမာဆက် တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့သည် နိုင်ငံရေးလောကတွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ၁၉၇၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ စိုက်ပျိုးရေးနှင့် သမဝါယမ ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် ပြည်ထဲရေးဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးတာဝန်ကို ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ နှစ်ကြိမ်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၂၀၀၆ ခုနှစ်တွင် အထက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပြီးနောက် ၂၀၀၇ ခုနှစ်တွင် ပြည်သူ့ပါတီခေါင်းဆောင်ဖြစ်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲအပြီးတွင် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့သည် ထိုင်းနိုင်ငံ၏ ၂၅ ဦးမြောက် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှစတင်၍ ယင်းရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် တော်ဝင်ဘွဲ့တံဆိပ်များစွာကို အပ်နှင်းခြင်းခံခဲ့ရသည်။ ယင်းတို့မှာ ၁၉၇၄ ခုနှစ်တွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်ကချီးမြှင့်သော မြင့်မြတ်သည့် တပ်မှူးဆုတံဆိပ် (တတိယအဆင့်)၊ ၁၉၇၅ခုနှစ်တွင် ဆင်ဖြူတော်ကွပ်ကဲခွင့်ရသည့် တပ်မှူးဆုတံဆိပ် (တတိယအဆင့်)၊ ၁၉၇၆ ခုနှစ်တွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်က ချီးမြှင့်သောသူရဲကောင်းတပ်မှူး ဆုတံဆိပ် (ဒုတိယအဆင့်)၊ ၁၉၇၇ ခုနှစ်တွင် ရာမမင်း၏မဟာယိုဒ်ဟင် သူရဲကောင်းတပ်မှူးဆုတံဆိပ်၊ ၁၉၇၉ ခုနှစ်တွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်က ချီးမြှင့်သောသူရဲကောင်းတပ်မှူးဆုတံဆိပ် (ပထမအဆင့်)၊ ၁၉၈၁ ခုနှစ်တွင် ဆင်ဖြူတော်ကွပ်ကဲခွင့်ရသည့် သူရဲကောင်း တပ်မှူးဆုတံဆိပ် (ပထမအဆင့်)၊ ၁၉၈၃ ခုနှစ်တွင် ဆင်ဖြူတော်ကိုကွပ်ကဲသည့် သူရဲကောင်းတပ်မှူး (အထူးအဆင့်)စလွယ်ကြိုး၊ ၁၉၈၄ခုနှစ်တွင် ချူလာ ချွမ် ကလောင် သူရဲကောင်းတပ်မှူး ဘွဲ့တံဆိပ်(ဒုတိယအဆင့်၊ အငယ်တန်း)၊ ထိုင်းနိုင်ငံဘုရင်မင်းမြတ်က ချီးမြှင့်သော သူရဲကောင်းတပ်မှူး(အထူးအဆင့်) စလွယ်ကြိုး၊ ၁၉၉၆ ခုနှစ်တွင် ဒီရက်ဂန်နာဟွန်သူရဲကောင်းတပ်မှူး ဆုတံဆိပ်(ပထမအဆင့်)၊ ၂၀၀၂ခုနှစ်တွင် ချူလာ ချွမ် ကလောင် သူရဲကောင်းတပ်မှူးဘွဲ့တံဆိပ် (ဒုတိယအဆင့်၊ အကြီးတန်း)တို့ ဖြစ်သည်။

မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့သည် ဆုရက်စွန်ထော်ရဝဲ့နှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီး နှစ်ဦး ထွန်းကားခဲ့သည်။

(သတင်းစဉ်)

| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ်၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအောင်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အဖွဲ့ခွဲ၏ ဖွဲ့စည်းပုံ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* *

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၄ ရက်)

# ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားရေး သတိပေးနှိုးဆော်ချက်များ အလေးထားဆောင်ရွက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်၊ ငှက်၊ ဘဲတို့မှတစ်ဆင့် လူများသို့ကူးစက်နိုင်သော ရောဂါဖြစ်သည်။

၂၀၀၃ ခုနှစ်မှစ၍ အာရှနှင့်ဥရောပနိုင်ငံများသို့ ရောဂါကူးစက်ပျံ့နှံ့ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ မှတ်တမ်းများအရ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၃၆၁ ဦးရှိပြီး ၂၂၇ဦး အသက်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

ဆောင်းခိုငှက်များနှင့် ငှက်ရိုင်းများသည် ကြက်ငှက်တုပ်ကွေးရောဂါ($H_5N_1$) ဗိုင်းရပ်စ်ပိုးများကို သယ်ယူဖြန့်ဖြူးသည့် သတ္တဝါများဖြစ်နိုင်ကြောင်း သုတေသီတို့က ကောက်ချက်ချထားကြသည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဆောင်းကာလနှင့်ဆောင်းနှောင်း ကာလများဖြစ်သော ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် အများဆုံးကျရောက်ဖြစ်ပွားတတ်ပေသည်။

မြန်မာနိုင်ငံပတ်ဝန်းကျင်ရှိ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တရုတ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများရှိရာ ၂၀၀၈ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီနှစ်လအတွင်း အာရှသုံးနိုင်ငံတွင် လူနှစ်ဦးသို့ကူးစက်ပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် အိမ်မွေးကြက်ငှက်များမှ လူသို့ကူးစက်ပြီး ဆိုးရွားသော အသက်ရှူလမ်းကြောင်းရောဂါ၊ နမိုးနီးယားရောဂါတို့ ဖြစ်ပွားစေပြီး ကိုယ်တွင်းအင်္ဂါအားလုံး အချိန်တိုအတွင်း ပျက်စီးစေကာ သေဆုံးနှုန်းမြင့်မားကြောင်း သိရသည်။

ရောဂါပိုးသည် ရိုးရိုးအပူချိန်တွင် ကောင်းစွာအသက်ရှင်နေနိုင်သော်လည်း ရေပွက်ပွက်ဆူသော ဟင်းအိုးထဲတွင် နာရီဝက်ခန့်သာ ရှင်သန်နိုင်၍ ဟင်းကို ကျက်အောင်ချက်ပြုတ်စားသောက်ခြင်းသည် အန္တရာယ်အကင်းဆုံး ဖြစ်သည်။ ထို့အတူ ဥများကို သေချာစွာ ကျက်အောင်ပြုတ်ပြီး စားသောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအား ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ကြက်၊ ဘဲ၊ ငုံးမွေးမြူထုတ်လုပ်သူများ၊ ပြုပြင်သယ်ဆောင်ရောင်းချသူများအနေဖြင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ သတိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘများဖြစ်သော ဦးတင်-ဒေါ်ကျင်မွေးတို့အား ရည်စူး၍ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်နေ သမီး ဒေါ်မာမာအေးက ကြေးပိဋကတ် သုတ္တန္တပိဋကဝင် စူဠနိဒ္ဒေသ ပါဠိတော်အတွက် ကြေးပြား လေးချပ် တန်ဖိုးငွေကျပ်တစ်သိန်းကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း သာယာအေးလမ်းသွယ် ၃ ခြံအမှတ်(၂-အ)နေ မိဘများအားရည်စူး၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အထွေထွေမန်နေဂျာ(ငြိမ်း) ဦးတင်မောင်အေး-ဒေါ်ခင်မြနီ မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်း၊ ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့က လက်ခံယူကြစဉ်။ (က-ပ)

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အင်းစိန်ပေါက်တော ဆရာတော်ဘဒ္ဒန္တစန္ဒဝံသက ငွေကျပ်တစ်သိန်း၊ ဦးစိုးအောင်-ဒေါ်မြမြ(သုခအောင်မိသားစု) ယုဇနဥယျာဉ်မြို့တော်က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ခင်၊ သား ဒေါက်တာလှမြင့်၊ သမီး ဒေါက်တာခင်စိုးစိန်(မလေးရှား)က ငွေကျပ်တစ်သိန်း၊ ဦးညဏ်ထွန်းအောင်-မစ္စဇူဘိုင်ဒါ(စင်ကာပူ)က ငွေကျပ်တစ်သိန်း၊ ဦးတက်ထွန်း-ဒေါ်အယ်နီသိန်း မိသားစု ရေကျော်က ငွေကျပ်တစ်သိန်း၊ ဦးဝင်းအောင်-ဒေါ်နုနုဝင်း၊ သမီး ဆုဆုစိုးစံ၊ သင်းသီရိဟန်မိသားစု သန်းထိုက်ရတနာ ပုံနှိပ်တိုက် လမ်း၅၀ ပုဇွန်တောင်မြို့နယ်က ငွေကျပ်သုံးသိန်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်းလှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး

ရန်ကုန် မတ် ၁၃

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲ၊ (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်ကချီးမြှင့်သောဘွဲ့တံဆိပ်ရ ဆိပ်ဖူးတောင်ဆရာတော်နှင့် လူပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲ၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများအား ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း စည်ပင်ခမ်းမှာရုံ၌ မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်ရာ အထောက်အထားမိတ္တူများနှင့်အတူ မတ်၂၀ရက် နောက်ဆုံးထား၍ နာယက ဦးကျင်ဖေ ဖုန်း-၅၅၇၇၇၀၄၊ နာယက ဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ၅၄၉၂၉၅၊ ဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း ၂၉၁၅၇၃၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၀၉-၉၉-၂၄၅၇၀တို့သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အစည်းအဝေးပွဲသို့ ကျိုက်ထိုမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေတက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

## သွားဘက်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ပညာရပ်ဆိုင်ရာ ဆပ်ကော်မတီက စဉ်ဆက်မပြတ် ပညာပြန့်ပွားရေး အစီအစဉ်အရ ဟောပြောပို့ချပွဲကို မတ် ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဘက်စုံသုံးခန်းမသစ်ကြီး၌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) မေးရိုး၊ မျက်နှာနှင့်ခံတွင်းခွဲစိတ်မှုပညာဌာနမှူး ပါမောက္ခ ဒေါက်တာ ဦးကိုကိုမောင်က How to overcome the Failure of Local Anaesthesia in Clinical Practice ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသွားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး အခမ်းအနားကို Aizawa Health Care Company က ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရွှေနတ်တောင်စေတီတော် ဘက်စုံပြုပြင်ရေး ပါဝင်လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၃

ဧရာဝတီတိုင်း မြတ်မော်တင် စေတီတော်အနီးရှိ ရွှေနတ်တောင်တွင် ဝေဘူဆရာတော်ကြီးက ပန္နက်ချတည်ထားခဲ့သော ကိုးတောင်ပြည့် စေတီတော်ကို ဝေဘူဆရာတော်ကြီး၏ တပည့်ရင်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြောင်းမြမြို့ မြစိမ်းတောင်ဆရာတော်ကြီးက မူလစေတီကိုငုံ၍ သံတောင်၄၄တောင်၂မိုက်ပြည့် တည်နေတော်မူရာ ယခုအခါ ပြီးစီးတော့မည် ဖြစ်ပါသဖြင့် ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့နောက် လှူဒါန်းလိုသူများသည် ဆရာတော် ဦးကုသလ ရွှေနတ်တောင်စေတီတွင် လည်းကောင်း၊ ရွှေလက်ဆောင်စတိုး ဖုန်း-၀၉-၅၁-၄၃၅၈၃ ရေကျော်လမ်းမ ပုဇွန်တောင်မြို့နယ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆက်လက်၍ စေတီတော်ပြီးစီးရေးအတွက် သျှင်ကေသရ (B.A ကမ္မဋ္ဌာန်း)ပြမှ သာသနာ့အကျိုးဆောင်၍ ဦးအေးမော်-ဒေါ်ခင်ခင်ဝွမ်း ပုဇွန်တောင်မြို့နယ်က ဖြည့်စွက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား

၁၄-၃-၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတ ချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၀ ၇။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသ သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့် စိတ်ကူးယဉ်အိပ်မက်**
၁၉။ စိုက်ပျိုးသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာအား** (အပိုင်း-၁)

## ပခုက္ကူအသင်း (ရန်ကုန်) ဂုဏ်ပြုပွဲ ပူဇော်သဘင်

**ရန်ကုန် မတ် ၁၃**

နိုင်ငံတော်အစိုးရ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ကပ်လှူပူဇော်ခြင်းခံရတော်မူသော ပခုက္ကူဒေသမှ ဆရာတော်ကြီးငါးပါးအား ပခုက္ကူအသင်း(ရန်ကုန်)က မတ် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ နယ်သူ နယ်သားများ စုံညီစွာတက်ရောက်ကြရန်နှင့် အလှူဝတ္ထုပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း–၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း–၃၈၃၈၅၇၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း–၇၂၀၂၀၂ နှင့် အမှုဆောင် ဦးစိုးမြင့် ပခုက္ကူဓမ္မာရုံတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## လူမိုက်များက အချိန်ကိုဖြုန်း၏၊ ပညာရှိက အချိန်ကိုသုံး၏

**ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောဘဝတို့၌ အကြောင်းအကျိုးမသိ၊ ပညာမရှိသော လူမိုက်တို့သည် မေ့မေ့လျော့လျော့အချိန်ကို ဖြုန်းတတ်ကြခြင်းဖြင့် အနှစ်သာရ ဘာမျှမရကြချေ။ ပညာရှိသောသူတို့သည်ကား မမေ့မလျော့သော သတိတရားကို မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်ခြင်းဖြင့် အချိန်ကို အသုံးပြုကြသောကြောင့် ဘဝ၏ အနှစ်သာရကို ကောင်းစွာရကြပေသည်။**

(ဓမ္မပဒ ၂၆)

## ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် မတ် ၁၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် လွိုင်လင်လေး ကျေးရွာရှိ သာသနာရောင်ခြည်ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ အရှင်ကောဏ္ဍညအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဆောင်သစ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ဝင် တစ်ဦးထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

### ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာတိုက်နယ်ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒီမော့ဆိုမြို့နယ် ထီဖိုးကလိုးကျေးရွာ ခန်းမဆောင်၌ ကျေးရွာပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားကာ ကျေးရွာအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ရှူးဖယ်ခူရပ်ကွက်ရှိ ကေထိုျးဘိုဗိမာန်ဆောက်လုပ်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### အမှာစကားပြောကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဒီမော့ဆိုမြို့နယ် မြို့မရပ်ကွက်ရှိ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသောဘဏအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရပ်မိရပ်ဖများ၊ ပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ညပိုင်းတွင် လွိုင်ကော်မြို့ပေါ် ၁၃ ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

### ဆက်ကပ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မဗိမာန်တော်၌ (၃၁)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ သာသနနုဂ္ဂဟစာမေးပွဲ အကျိုးဆောင်နှင့် ပုစ္ဆာကဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၈ ရက်က ရန်ကင်းမြို့နယ် မီးသတ်ဦးစီးဌာန (တောင်ဥက္ကလာပ ဇုန်နယ်မြေ) အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၈) သင်တန်းဖွင့်ပွဲကို ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် မီးသေးကာကွယ်ရေးဥက္ကဋ္ဌ ဦးကိုကိုအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (၁၇၀)

## သာသနာရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မတ် ၁၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် မတ် ၇ ရက်က တာဝန်ရှိသူများလိုက်ပါလျက် ပလက်ဝမြို့နယ် ကျီးလေကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌လည်းကောင်း၊ ကက္ကူဝကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ လည်းကောင်း၊ မတ် ၈ ရက်က ထရွှန်အိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ လည်းကောင်း၊ စက်ပစ်ပြင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ လည်းကောင်း ကျေးရွာအုပ်စုများမှ ရပ်မိ ရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံကာ ဗဟိုအလုပ်အမှုဆောင်နှင့် စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးနေဝင်းတို့က အမှာစကားပြောကြားကာ ကျေးရွာများအတွက် အဝတ်အထည်များ၊ စာရေးကိရိယာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

### ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၉ ရက်တွင် ရှင်းလက်ဝကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမနှင့် အောက်ဘလိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ရပ်မိ ရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ အမှာစကားပြောကြားကာ ကျေးရွာများအတွက် အဝတ်အထည်များ၊ စာရေးကိရိယာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

### လျှောက်ထား

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၁၀ ရက်က အောက်သဲမဝကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော်ဘဒ္ဒန္တနန္ဒမာလာအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ကျောက်တော်မြို့သို့ ရောက်ရှိပြီး ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင် လိုက်ပါလျက် ကျောက်တော်မြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကာ ဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

### ဆက်ကပ်လှူဒါန်း

ဗဟို အလုပ်အမှုဆောင်သည် မတ် ၁၁ ရက်တွင် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် အတူ စစ်တွေမြို့၊ ဒက္ခိဏာရာမကျောင်းတိုက်၊ ဓမ္မသုခကျောင်းတိုက်၊ မဏိရတနာကျောင်းတိုက်နှင့် ခေမာမဏ္ဍိုင်ကျောင်းတိုက်များသို့ သွားရောက်ပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၃**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက် နံနက် ၉ နာရီခန့်တွင် ပဲခူးတိုင်း မုန်းမြို့နယ် အောင်ချမ်းသာကျေးရွာမှ ဦးပေါက်စံ၏သား ဦးစန်းလွင် အသက်(၄၀)နှစ်သည် အဖော်ဖြစ်သူ ကိုမင်းနိုင်၊ ကိုနုနုတို့နှင့်အတူ ဝါးခုတ်ရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးစန်းလွင်၏ ဘယ်ဘက်ခြေထောက် မိုင်းစ ထိမှန် ဒဏ်ရာရရှိခဲ့သည်။

### ပံ့ပိုးကူညီ

မိုင်းစ ထိမှန်ဒဏ်ရာရရှိသည့် ဦးစန်းလွင်အား တာဝန်ရှိသူများက မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကျေးရွာတစ်ခွင်**

**သာစေချင်**

**မီးတွင်မပေါ့နှင့်**

# ဒဏ်ရာရ အရှေ့တီမောသမ္မတ ရာမို့ဟော်တာ ပထမဆုံးအကြိမ် ကျေးဇူးတင်စကား ပြောကြား

**ဆစ်ဒနီ မတ် ၁၃**

ဖေဖော်ဝါရီလအတွင်းကသူပုန်တို့၏လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုကြောင့် သေလုမြောပါး ဒဏ်ရာရရှိခဲ့သည့် အရှေ့တီမော သမ္မတ ဟိုဆေးရာမို့ဟော်တာက မတ် ၁၂၌ ပထမဆုံးအကြိမ် လူသိရှင်ကြား ကျေးဇူးတင်စကား ပြောကြားလိုက်သည်။

**ပြောကြား**

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းရှိဆေးရုံမှနေ၍ သမ္မတဟိုဆေးရာမို့ဟော်တာက နိုင်ငံရေးမိန့်ခွန်း မပြောမီအောင် မိမိချုပ်တည်းထားသော်လည်း မိမိအား သူပုန်တို့ကလုပ်ကြံရန် ကြိုးပမ်းပြီးနောက်ပိုင်း မိမိ၏ ကျန်းမာရေးအတွက် ဆုတောင်းပေးကြသူများ၊ စောင့်ရှောက်ပေးကြသူများ၊ ကုသပေးကြသည့် ဆရာဝန်၊ ဆရာမများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ယနေ့ပထမဆုံး လူသိရှင်ကြားပြောနိုင်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ဖေဖော်ဝါရီ ၁၁ရက် နံနက်စောစောလမ်းလျှောက်ချိန်တွင် သူပုန်တို့က သမ္မတ ဟိုဆေးရာမို့ဟော်တာကို သေနတ်ဖြင့် ပစ်ခဲ့ခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ရိုက်တာ**

### ရဟတ်ယာဉ် ပျက်ကျ

နီပေါ နိုင်ငံ ရာမက်ချ်ဟက် ဒေသတွင်မတ် ၄ရက်က ကုလသမဂ္ဂ ရဟတ်ယာဉ်ပျက်ကျခဲ့ရာ အပျက်အစီးများအား စစ်ဆေးနေသည်ကိုတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# တောင်အာဖရိကတွင် ရွှေထုတ်လုပ်မှုကျဆင်း

**ဂျိုဟန်နစ္စဘတ် မတ် ၁၃**

တောင်အာဖရိကနိုင်ငံ၏၂၀၀၇ ခုနှစ်အတွင်း ရွှေထုတ်လုပ်မှုသည် ၇ဒသမ ၄ရာခိုင်နှုန်း ကျဆင်းသွားသည်။ ယင်းမှာ လွန်ခဲ့သော ဆယ်စုနှစ်က နှစ်စဉ် ၆ ဒသမ ၃ရာခိုင်နှုန်း ပျမ်းမျှကျဆင်းမှုနှင့် နှိုင်းယှဉ်ရာတွင် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိက ရွှေထုတ်လုပ်ရေးအသင်းက မတ် ၁၀ရက်တွင် ပြောကြားသည်။

**ဖော်ပြ**

ရွှေထုတ်လုပ်ရေး အသင်းဝင်ဦးရေ ကျဆင်းသွားခြင်းကြောင့်လည်း ရွှေအလေးချိန် ၂၁၉၂၂ ကီလိုဂရမ် ကျဆင်းခဲ့ရသည်ဟု အဆိုပါအသင်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ပြီးခဲ့သည့်နှစ် နောက်ဆုံးသုံးလတွင် တောင်အာဖရိကနိုင်ငံ၏ ရွှေထုတ်လုပ်မှုသည် ၇ရာခိုင်နှုန်းကျဆင်းခဲ့ရာ အလေးချိန်အားဖြင့် ၆၁၈၄၅ ကီလိုဂရမ် ကျဆင်းခဲ့ရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အီရတ်တစ်ဝန်း အကြမ်းဖက်မှုကြောင့် တစ်ရက်တည်း အနည်းဆုံး ၄၆ဦး သေဆုံးခဲ့ရ

**ဘဂ္ဂဒက် မတ် ၁၃**

အရပ်သားများ စီးနင်းလိုက်ပါသည့် ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှု၊ သေနတ်သမားများက တစ်ဖက်၊ အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များက တစ်ဖက် တစ်နေ့လုံး တိုက်ခိုက်မှု အပါအဝင် မတ်၁၁ရက်က အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုအရှိန်မြင့်လာစဉ် အနည်းဆုံး ၄၆ဦး သေဆုံးခဲ့သည်။

**သေဆုံး**

အီရတ်နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့်ဇွန်လနောက်ပိုင်း အကြမ်းဖက်မှု ၆၀ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ သို့သော် မတ်၁၁ရက်က တိုက်ခိုက်မှုများ၌ လုံခြုံရေးအခြေအနေ တိုးတက်မှု မခိုင်မာကြောင်း အထင်အရှား ပြသနေခြင်းဖြစ်သည်။ အီရတ်နိုင်ငံတောင်ပိုင်း ကပ်မြို့တွင်းတိုက်ပွဲတွင် မတ် ၁၁ရက်က ၁၄ဦး သေဆုံးသည်။

**ပြောကြား**

ဘဂ္ဂဒက်မြို့တော်တောင်ဘက် ၂၃၅ မိုင်အကွာ နက်ဆီရီယာမြို့၌ ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများတွင် အမျိုးသမီးများနှင့်ကလေးများပါဝင်သည်ဟု ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီးဝီလျံဖော်လွန် သဘောထားကွဲလွဲမှုကြောင့် အချိန်မတိုင်မီ အငြိမ်းစားယူရန် ဆုံးဖြတ်

ဝါရှင်တန် မတ် ၁၃

**အီရတ်နှင့်အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်များ၏တပ်မှူး ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဖော်လွန်မှာ အချိန်မတိုင်မီ ရာထူးမှ အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။**

အခက်တွေ့ အကျပ်ရိုက်သော အစိုးရ၏ မူဝါဒအကြား သဘောထား အခြေအနေ၊ သူ့အမြင်နှင့် အမေရိကန် ကွဲလွဲနေသည်ဟူသော ပြည်သူတို့၏ ခံယူချက်တို့သည် အနားယူရန်အတွက် အကြောင်း ယုတ္တိများ ဖြစ်သည်ဟု ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဖော်လွန်က ပြောကြားသည်။

**ဖော်ပြ**

သူ့အကြောင်းကို အက်စကွားမား မဂ္ဂဇင်းက မကြာသေးမီကဆောင်းပါး ရေးသားဖော်ပြသည်။ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အီရန်အပေါ် အင်အားသုံးမည့် ကိစ္စကို ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဖော်လွန်က ဆန့်ကျင်သည်ဟု ဖော်ပြထားသည်။

အသက်၆၃နှစ်ရှိ ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဖော်လွန်သည် အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်မှူးအဖြစ် လွန်ခဲ့သည့် တစ်နှစ်က စတင် တာဝန်ထမ်းဆောင်ခဲ့သည်။

**အနားယူ**

ဤကဲ့သို့ အနားယူရန် ဆုံးဖြတ်ခြင်းမှာ ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဖော်လွန်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ပြောကြားသည်။ **(အင်တာနက်)**

# ၂၅ နှစ်အတွင်း ကျားကောင်ရေ ထက်ဝက်ကျဆင်း ကမ္ဘာတစ်ဝန်း ကျား ၃၅၀၀ခန့်သာ ရှိတော့ဟုဆို

စတော့ဟုမ်း မတ် ၁၃

ကမ္ဘာ့ကျားကောင်ရေသည် ၂၅ နှစ်တာကာလအတွင်း ထက်ဝက်ကျဆင်းသွားကြောင်း ကမ္ဘာ့တောရိုင်း တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)က ပြောကြားသည်။

ကမ္ဘာပေါ်တွင် ကျားကောင်ရေ ၃၅၀၀သာ ကျန်ရှိတော့ကြောင်း၊ ဒေသခွဲမျိုးစိတ်တစ်မျိုးဖြစ်သည့် တောင်တရုတ်ကျား(အောက်ပုံ)သည် မကြာမီ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က စတော့ဟုမ်းမြို့၌ ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

**နှိုးဆော်**

နီပေါနိုင်ငံ၌ ကျားသတ္တဝါများအား အမဲလိုက်ခြင်းမပြုလုပ်ရန် ရုပ်ပုံကားချပ်များဖြင့် သတိပေး နှိုးဆော်ထားသည်ဟု ဆိုသည်။

၁၉၈၂ခုနှစ်က ကမ္ဘာတစ်ဝန်း ကျားကောင်ရေ ၅၀၀၀မှ ၇၀၀၀အထိ ရှိကြောင်း၊ ယခုအခါကျားကောင်ရေ ၃၅၀၀အထိသာရှိတော့ကြောင်း နီပေါ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ညွှန်ကြားရေးမှူး ဘီဇက်ရှ်ပန်ဒေ့ဗ်က ပြောကြားသည်။

**၄၀၀၀၀ရှိခဲ့**

အိန္ဒိယနိုင်ငံ၌ ၂၀ရာစုက ကျားကောင်ရေ၄၀၀၀၀ရှိခဲ့ကြောင်း၊ ယခုအခါ ကျားကောင်ရေ ၁၄၀၀ပင် မရှိတော့ကြောင်း အိန္ဒိယ ကျားထိန်းသိမ်းစောင့်ရှောက်ရေး ညွှန်ကြားရေးမှူး ဆူဂိုင်းဘာနာဂျီကပြောကြားသည်။(အင်တာနက်)

# ဘဝအမောပြေ

## နှစ်ဒေါ်လာတည်းပါ ...

စတိုးဆိုင်ကြီးတစ်ဆိုင်၌ ဝန်ထမ်းတစ်ဦးက ဝယ်သူတစ်ဦးအား ဈေးရောင်းလျက်ရှိသည်။

**ဝယ်သူ** ။ ။ ဒီပစ္စည်းက ဈေးဘယ်လောက်လဲ။
**ဝန်ထမ်း**။ ။ တစ်ဒေါ်လာပါ။
**ဝယ်သူ** ။ ။ နှစ်ခုယူရင် ဈေးလျှော့မလား။
**ဝန်ထမ်း**။ ။ မလျှော့နိုင်လို့ပါ။
**ဝယ်သူ** ။ ။ ဒါဆို ဒီပစ္စည်းတွေအကုန်ယူရင်ကော။
**ဝန်ထမ်း**။ ။ နှစ်ဒေါ်လာပါပဲ။
**ဝယ်သူ** ။ ။ ကဲ…ပစ္စည်းအကုန်ယူမယ်။
**ဝန်ထမ်း**။ ။ ကျေးဇူးတင်ပါတယ်။
ထိုအချိန်၌ ဆိုင်ပိုင်ရှင်ရောက်လာကာ…
**ပိုင်ရှင်** ။ ။ ဒီပစ္စည်းတွေ နှစ်ဒေါ်လာနဲ့ ရောင်းလိုက်တာလား။
**ဝန်ထမ်း**။ ။ ပစ္စည်းက နှစ်ခုတည်းပါ။ ကျန်တာကလွှင့်ပစ်မယ့် အမှိုက်တွေ ထည့်ထားတဲ့အိတ်ပါ။
**ပိုင်ရှင်** ။ ။ "ဟေ"

**နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ**

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်**



ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နိုင်ငံပေါင်းစုံမှ ကားအမျိုး ၂၆၀ကို ခင်းကျင်းပြသသော (၇၈)ကြိမ်မြောက် နိုင်ငံတကာ မော်တော်ကားပြပွဲတွင် ကားတစ်စီးအား နံရံ၌ ချိတ်ဆွဲပြသထားသည်ကို မတ် ၅ရက်က ဤသို့တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ဂျပန်လူငယ် ၁၀၀၀ တရုတ်၌လည်ပတ်

**ပေကျင်း မတ် ၁၃**

ဂျပန်လူငယ် ၁၀၀၀ခန့်သည် မတ် ၁၀ရက်က တရုတ်-ဂျပန် ချစ်ကြည်ရေး၊ လူငယ်အပြန်အလှန် လည်ပတ်ရေး အစီအစဉ်အရ တရုတ်နိုင်ငံသို့ ခုနစ်ရက်ခရီးအဖြစ်ရောက်ရှိလာသည်။

**လည်ပတ်မည်**

ဂျပန် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းနှင့် ဟန်ကျိုးကဲ့သို့ မြို့ကြီးများ အနောက်ပိုင်းရှိ ချုံကျင်းနှင့် ချန်ဒူးမြို့ တောင်ပိုင်းရှိ ကွမ်ကျိုးမြို့များသို့ သွားရောက် လည်ပတ်ကြမည်ဟု ဆိုသည်။

**ပါဝင်**

ယင်းကိုယ်စားလှယ် အဖွဲ့တွင် အထက်တန်းကျောင်းသား ကျောင်းသူ ၅၀၀၊ တက္ကသိုလ် ကျောင်းသားကျောင်းသူ ၂၀၀နှင့် လူငယ်သင်တန်းကျောင်းများမှ ၃၀၀ ပါဝင်သည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၃-၃-၂၀၀၈

## အင်ဒိုနီးရှား၌ နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်မည်

အင်ဒိုနီးရှားနိုင်ငံက နျူကလီးယား ဓာတ်အားပေးစက်ရုံ လေးရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လာမည့်၂၀၂၅ ခုနှစ်၌ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားလာမည့်အခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် နျူကလီးယား ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

## ဧပြီလ၌ ဗီယက်နမ်က ဂြိုဟ်တုလွှတ်တင်မည်

ဗီယက်နမ်နိုင်ငံ၏ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုကို ဧပြီ ၁၂ရက်တွင် အာကာသသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း ဗီယက်နမ် အရာရှိများက ပြောကြားသည်။

ဗီနာဆက်-၁ ဟုအမည်ပေးထားသော အဆိုပါဆက်သွယ်ရေး ဂြိုဟ်တုသည် အလေးချိန် ၂ ဒသမ ၆ တန်ရှိပြီး ဗီယက်နမ်နိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးမည်ဖြစ်သည်။

## ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများတက်ရိပ်ရှိ

ကမ္ဘာ့ဈေးကွက်၌ သန့်စင်ပြီးရေနံတစ်စည်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၅၇ ဒေါ်လာအထိမြင့်တက်လာကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

ရေနံဈေးနှုန်းမှာ ယခင်ရက်များက ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၄၈ ဒေါ်လာမှ ယခုအမေရိကန် ဒေါ်လာ ၁၀၀ကျော်အထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ရေနံဈေးနှုန်းတက်ရိပ်ရှိကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

## စင်ကာပူ-ဂျပန် လေကြောင်း စတင်ပျံသန်းမည်

စင်ကာပူလေကြောင်းလိုင်းမှ အေ-၃၈၀ အဲဘတ်စ်လေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့ လာမည့် မေ၂၀ရက်မှ စတင်ကာ ပျံသန်းသွားမည်ဖြစ်ကြောင်း စင်ကာပူလေကြောင်းအရာရှိများက ပြောကြားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့လေဆိပ်သို့ စင်ကာပူလေကြောင်းလိုင်း အနေဖြင့် ပထမဆုံး တိုက်ရိုက်ပျံသန်းခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

## ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း မြင့်တက်နေကြောင်း တရုတ်နိုင်ငံမှ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ အထိ ရှိသဖြင့် ယခင်ရက်များကထက် ရွှေဈေး မြင့်တက်သွားသည်ဟု ၎င်းတို့က ပြောကြားသည်။

## ဗင်နွာတူနိုင်ငံ ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဗင်နွာတူနိုင်ငံ ကမ်းလွန်၌ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၅ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း ဗင်နွာတူနိုင်ငံ မိုးလေဝသ အရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် လူဂန်ဗီသီမြို့တွင် အဆောက်အအုံများ ယိမ်းထိုးခဲ့လှုပ်ခါခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

## ပါလက်စတိုင်းတို့က အစ္စရေးအား ဒုံးကျည်ဖြင့် ဆက်လက်ပစ်ခတ်

ပါလက်စတိုင်းလက်နက်ကိုင်များက အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ဆက်လက် ပစ်ခတ်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတပ်ဖွဲ့ဝင်များက မကြာခဏ ဝင်ရောက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတို့အား ဒုံးကျည်ဖြင့် ပစ်ခတ်မှု ဆက်လက်ပြုလုပ်သွားမည်ဟု ၎င်းတို့ကဆက်လက်ပြောကြားသည်။

## စင်ကာပူ၌ ပေါက်ကွဲမှုဖြစ်ပွား

စင်ကာပူနိုင်ငံ စက်မှုလုပ်ငန်းများတည်ရှိရာ ဂျူရွန်ကျွန်း၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ စက်ရုံတစ်ခု၌ ဓာတ်ငွေ့မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းသာဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

## ဘာဝဒေသန အမြင်

* *A moment's thinking is an hour in words.*

တဒင်္ဂမျှ တွေးတောခြင်းသည် တစ်နာရီကြာ စကားပြောရသည်နှင့် ညီမျှသည်။

သောမတ်စ်ဟုဒ်
(အင်္ဂလိပ်လူမျိုးကဗျာဆရာ)

* *We are companions in hypocrisy.*

ကျွန်ုပ်တို့သည် ဟန်ဆောင်ဖော်၊ ဟန်ဆောင်ဖက်များဖြစ်ကြသည်။

ဝီလျံဒင်းဟိုဝဲလ်စ်
(စာရေးဆရာနှင့်ကဗျာဆရာ)

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အင်ဒိုနီးရှားနိုင်ငံ ဘာတမ်မြို့အနီး၌ မတ် ၁၁ရက်က ခရီးသည်တင် လေယာဉ်တစ်စင်း လေဆိပ်သို့အဆင်းတွင် မတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့သည့်မြင်ကွင်းကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင်မတ် ၁၂ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် မော်တော်ယာဉ်များ ဆီးနှင်းဖုံးလွှမ်းလျက်ရှိသည့်မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

# မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

## လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့ရသူ

အောဘန်း တက္ကသိုလ်သည် အမေရိကန်နိုင်ငံအရှေ့တောင်ပိုင်းရှိ အယ်လ် ဘား မား ပြည် နယ် တွင် တည်ရှိသည်။ ထို တက္ကသိုလ်၌ အောဘန်းမြို့တွင် နေထိုင်သူ လော်ရင်ဘာ့ခ်အမည်ရှိ မိန်းကလေး တစ်ဦးသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် တက္ကသိုလ် ပညာ ဆက်လက်သင်ယူနေခဲ့သည်။ လော်ရင်ဘာ့ခ်သည် ပညာရေးတွင် အလယ်အလတ်အဆင့်သာ ရှိသော်လည်း ကြိုးစားအားထုတ်မှု အပြည့်ရှိသူဖြစ်သည်။

### အချစ်ပိုကြ

သူမ၏ မိဘများသည် ကြေးရတတ် လူချမ်းသာများ ဖြစ်ကြပြီး ကုန်သည်မျိုးရိုးများ ဖြစ်ကြသည်။ ၎င်းတို့တွင် သား နှစ်ဦးနှင့် သမီး နှစ်ဦးရှိရာ သားနှစ်ဦးမှာ အကြီးများ ဖြစ်ကြပြီး သမီးများမှာ အငယ်များ ဖြစ်ကြသည်။ လော်ရင်ဘာ့ခ်သည် အငယ်ဆုံး ဖြစ်သော်လည်း မိဘနှင့် ညီအစ်ကို မောင်နှမများအပေါ်တွင် သိတတ်သော လိမ္မာရေးခြားရှိသည့် သမီးတစ်ဦး ဖြစ်သည်။ ထို့ကြောင့် မိဘ ညီအစ်ကိုမောင်နှမများက လော်ရင်ဘာ့ခ်အား အချစ်ပိုကြသည်။

### ပျော်ရွှင်စွာဖြတ်သန်း

လော်ရင်ဘာ့ခ်သည် ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစားသင်ယူသကဲ့သို့ ကျောင်းအားလပ်ချိန်၌ မိဘများ၏ အရောင်းအဝယ် လုပ်ငန်းတွင် ဝင်ရောက်ကူညီလေ့ရှိသည်။ မိဘများ၏ နေ့ဥစ္စာ တောင့်တင်းမှုကြောင့် သူမအနေဖြင့် ပညာရေးကို စိတ်အေးချမ်းသာစွာ သင်ယူနိုင်ခဲ့သည်။ မိဘ ညီအစ်ကို မောင်နှမများနှင့် ဘဝကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းရင်း ပညာသင်ယူ လာခဲ့သည်မှာ တက္ကသိုလ် ဒုတိယနှစ်သို့ပင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။

### ရင်ဆိုင်ခဲ့ရ

လော်ရင်ဘာ့ခ်သည် မိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်လာရင်းမှ မိသားစုနှင့် ထာဝရ ခွဲခွာခဲ့ရပြီး ကမ္ဘာလောကကြီးမှ အပြီးအပိုင်ထွက်ခွာသွားခဲ့ရသည့် ရင်နင့်ဖွယ်ရာ အဖြစ်ဆိုးနှင့်ရင်ဆိုင်ခဲ့ရလေသည်။ ၂၀၀၈ခုနှစ် မတ်လ ၄ရက် ညပိုင်းတွင် အောဘန်း တက္ကသိုလ်နှင့် မိုင်အနည်းငယ်ဝေးသော အယ်လ်ဘားမား ပြည်နယ် အဝေးပြေး လမ်းမကြီးပေါ်တွင် သေနတ်ဒဏ်ရာများ ရရှိထားသော သူမကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် သူမအား ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

### သေဆုံး

လော်ရင်ဘာ့ခ်အား တွေ့ရှိခဲ့ချိန်နှင့် တစ်ပြိုင်တည်းမှာပင် အောဘန်း တက္ကသိုလ်ဝင်းထဲရှိ လော်ရင်ဘာ့ခ်၏ ကားမှာ မီးဟုန်းဟုန်း တောက်လောင်လျက်ရှိခဲ့သည်ဟု စုံစမ်းစစ်ဆေးချက်များအရ သိခဲ့ရသည်။ လော်ရင်၏ မိသားစုဝင်များက လော်ရင် ရောက်ရှိနေသည့် ဆေးရုံသို့ရောက်ရှိသွားပြီး မကြာမီ သူမမှာ ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့တော့သည်။

### လက်ရဖမ်းဆီး

လော်ရင်သေဆုံးမှုနှင့် ပတ်သက်ပြီး မသင်္ကာသူ အသက် ၂၃နှစ်အရွယ်ရှိ ကော့နေးလော့ဟတ်ကို မတ်လ ၇ ရက်က ဖမ်းဆီးခဲ့သည်။ ကော့နေးအား ဖီးနစ်မြို့တွင် ၎င်း၏ ကား မီးနီမိနေစဉ်တွင် လက်ရဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သူ့အား ဖမ်းမိခဲ့ရာ ဖီးနစ်မြို့သည် ဂျော်ဂျီယာ ပြည်နယ် နယ်စပ်တွင် တည်ရှိပြီး အယ်လ်ဘားမားပြည်နယ်အပိုင်တွင် ပါဝင်သော မြို့ဖြစ်သည်။

အချိန် မတိုင်မီ လူ့လောကမှစောစီးစွာ ထွက်ခွာခဲ့ရသော အမေရိကန်နိုင်ငံ အောဘန်းတက္ကသိုလ် ဒုတိယနှစ် ကျောင်း သူ လော်ရင်ဘာ့ခ်။

(အင်တာနက်ဓာတ်ပုံ)

### ဖြေမဆည်နိုင်

ယခုအခါ ကော့နေးသည် သေဒဏ်အထိ အပြစ်စီရင်နိုင်သော လူသတ်မှုစွဲချက်ကို ရင်ဆိုင်နေရပေပြီ။ ၎င်းအား ဖမ်းဆီးခဲ့ခြင်းနှင့် ပတ်သက်ပြီး မည်သည့်အတွက်ကြောင့် ဖမ်းဆီးရသည်ကို အောဘန်းရဲအကြီးအကဲ သောမတ်စ်ဒေါ်ဆန်က မပြောကြားခဲ့ပေ။ လော်ရင်၏ မိသားစုများမှာ ရုတ်တရက် လော်ရင်သေဆုံးခဲ့ရမှုနှင့် ပတ်သက်ပြီး ဖြေမဆည်နိုင်အောင် ယူကျုံးမရ ဝမ်းနည်းပက်လက် ဖြစ်ခဲ့ကြရသည်။

**လော်ရင်ဘာ့ခ်သည် ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစားသင်ယူသကဲ့သို့ ကျောင်းအားလပ်ချိန်တွင် မိဘများ၏ အရောင်းအဝယ်လုပ်ငန်း၌ ဝင်ရောက်ကူညီလေ့ရှိ။**

### သင်ခန်းစာယူဖွယ်

**အမျိုးသမီးများ အနေဖြင့် အချိန်မတော် သွားလာလျှင် အချိန်မရွေးအန္တရာယ်မျိုးစုံကျရောက်တတ်ကြောင်းကို အောဘန်းတက္ကသိုလ်ကျောင်းသူလေး လော်ရင်ဘာ့ခ်၏ ရင်နင့်ဖွယ်ရာ ဖြစ်ရပ်က သက်သေပြလျက်ရှိသည်။ ကော့နေးလော့ဟတ် အနေဖြင့် လော်ရင်ဘာ့ခ်အား သတ်ဖြတ်ခဲ့ကြောင်း ပြစ်မှုထင်ရှားပါက သေဒဏ်အထိ ပြစ်ဒဏ်ကျခံရဖွယ်ရှိပြီး အသွားမတော်တစ်လှမ်း ဆိုသကဲ့သို့ အချိန်မတော်သတိလက်လွတ်သွားလာခဲ့မိသဖြင့် ဘဝ၌ ပညာရေးခရီးတွင် လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့ရသူ လော်ရင်ဘာ့ခ်၏ အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ကိုးကားရေးဖွဲ့လိုက်ရပါကြောင်း။** ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်း

## နိုဝင်ဘာသမ္မတရွေးကောက်ပွဲမတိုင်မီ ရန်ပုံငွေအပူတပြင်းရှာဖွေနေ

ဝါရှင်တန် မတ် ၁၃

**မစ္စစ္စပီပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဆန္ဒမဲအားလုံးနီးပါးမျှ ရေတွက်ပြီးစီးသောအခါ ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးဖြစ်ကြသည့် ဟီလာရီနှင့်အိုဘားမားတို့နှစ်ဦးတွင် အိုဘားမားက ထောက်ခံမဲ ၆၀ဒသမ၇ရာခိုင်နှုန်း၊ ဟီလာရီက ထောက်ခံမဲ ၃၇ဒသမ၁ရာခိုင်နှုန်း ရရှိကြသည်။**

လက်ရှိအချိန်တွင် အိုဘားမားက ပြည်နယ်အကြိုရွေးကောက်ပွဲ ၂၆ခုတွင် အနိုင်ရပြီး ပါတီညီလာခံ ကိုယ်စားလှယ် စုစုပေါင်း ၁၅၉၆ဦး ရရှိသည်။ ဟီလာရီကလင်တန်က ပြည်နယ်အကြိုရွေးကောက်ပွဲ ၁၆ခုတွင်နိုင်ပြီး ပါတီညီလာခံ ကိုယ်စားလှယ် စုစုပေါင်း ၁၄၈၄ ဦး ရရှိနေသည်။

**လိုအပ်နေ**

ရီပတ်ဘလီကင်ပါတီမှ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် စက်တင်ဘာ ပါတီညီလာခံ ကျင်းပသည့်အခါ သတ်မှတ်ခံရမည့် အရီဇိုးနားပြည်နယ် အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းအနေဖြင့် လောလောဆယ် ရန်ပုံငွေရှာရန် လိုအပ်လျက်ရှိသည်။

**ရန်ပုံငွေရရှိမှု**

သမ္မတရွေးကောက်ပွဲတွင် ဂျွန်မက်ကိန်း ယှဉ်ပြိုင်ရမည့် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန် သို့မဟုတ် အိုဘားမားတို့ နှစ်ဦးစလုံးပင် ရွေးကောက်ပွဲအတွက် ရန်ပုံငွေ ရရှိမှုမှာ ဂျွန်မက်ကိန်း၏ ရန်ပုံငွေထက် များစွာပိုများသည်။

**စီစဉ်ထား**

ထို့ကြောင့် နိုဝင်ဘာ ၄ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ မတိုင်မီတွင် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်း အနေဖြင့် ရန်ပုံငွေ မရမနေရှာဖွေရမည်ဖြစ်၍ နိုင်ငံတစ်ဝန်းသို့ လှည့်လည် ရန်ပုံငွေရှာတော့မည်ဖြစ်ရာ

ဂျွန်မက်ကိန်း

နယူးယောက်မြို့သို့ မတ် ၁၄ ရက်၌ သွားရန် စီစဉ်ထားသည်။ ယင်းနောက် မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန်မြို့ ပင်ဆယ်ဗေးနီးယားပြည်နယ်အနံ့နှင့် အီလီနွိုက်ပြည်နယ် အရှေ့မြောက်ပိုင်း ချီကာဂိုမြို့တို့သို့လည်း ယခုရက်သတ္တပတ်၌သွားရောက်မည်ဟုကြေညာသည်။

**(အင်တာနက်)**

# နှလုံးရောဂါဖြင့် အသက်ရှုရပ်တန့်သွားသူများ ရင်ဘတ်ကိုဆက်တိုက်ဖိနှိပ်ပေး၍ အသက်ရှင်နိုင်ဖွယ်ရှိ

**အရီဇိုးနား မတ် ၁၃**

နှလုံးရောဂါကြောင့် ရုတ်တရက် အသက်ရှုရပ်တန့်သွားသော လူနာများအား ဆေးဘက်အကူ ဝန်ထမ်းများက အဆက်မပြတ် လူနာ၏ ရင်ဘတ်ကို ဖိနှိပ်ပေးခြင်းဖြင့် **(အောက်ပုံ)** အသက်ရှင်ရန် အခွင့်အလမ်း ရရှိနိုင်ကြောင်း အမေရိကန် ဆေးသုတေသနပညာရှင်များက အကြံပြုတင်ပြထားသည်။

**လေ့လာတွေ့ရှိ**

ယင်းနည်းပညာဖြင့် အသက်ပြန်ရှင်လာသူ အရီဇိုးနားပြည်နယ်၌ သုံးဆရှိကြောင်း သုတေသီများက လေ့လာ

တွေ့ရှိထားသည်။ ၎င်းနည်းပညာသည် တိုးတက်သည့် နည်းပညာရပ်တစ်ခု ဖြစ်လာကြောင်း အမေရိကန်ဆေးဘက်ဂျာနယ်တွင် ဖော်ပြထားသည်။

**လေ့ကျင့်သင်ကြား**

လူနာ၏ရင်ဘတ်ကို အကြိမ်၂၀၀ ခန့် ဆက်တိုက် ဖိနှိပ်ပေးသွားရန် လိုကြောင်း၊ ယင်းနည်းပညာများကို ဆေးဘက်အကူ ဝန်ထမ်းများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း ဆေးဘက်ပညာရှင်များက ပြောကြားသည်။

**အထူးအောင်မြင်**

ယင်းနည်းပညာဖြင့် လူနာအား ကုသပေးခဲ့ရာ အထူးအောင်မြင်ကြောင်း၊ နှလုံးရောဂါတိုက်ခိုက်ခံရသူ လူနာ၆၆၈ဦးတွင် ၃၆ဦးမှာ အသက်ရှင်နေထိုင်နိုင်သည်ကို တွေ့ရကြောင်း အရီဇိုးနားပြည်နယ်မှ ဆေးပညာရှင်တစ်ဦးက ပြောကြားသည်။

**(အင်တာနက်)**

## စွမ်းအင်မှုရုရှား၏နေ့စဉ်ဝင်ငွေ ဒေါ်လာတစ်ဘီလီယံနီးပါးရရှိ

**မော်စကို မတ် ၁၃**

ရုရှားနိုင်ငံက ရေနံနှင့်သဘာဝဓာတ်ငွေ့များကဲ့သို့သော စွမ်းအင်များ တင်ပို့ ရောင်းချမှုမှ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝင်ငွေ ရရှိရန်နီးလာကြောင်း မတ်၁၁ရက်က ထုတ်ပြန်သော ကြေညာချက် တစ်စောင်တွင် ဖော်ပြသည်။

ယခုသီတင်းပတ်အတွင်း ရေနံစိမ်း တစ်စည်လျှင် ၁၀၇ဒသမ၅ဒေါ်လာအထိ မြင့်တက်လာမှု၊ သန့်စင်ပြီး ရေနံထုတ်ကုန်ပစ္စည်းများနှင့် သဘာဝဓာတ်ငွေ့များ တင်ပို့ရောင်းချမှုတို့မှ နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရရှိလာနိုင်ကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# ကင်ညာတပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက် ရာပေါင်းများစွာ ထွက်ပြေးနေရပြီး အချို့သေဆုံးခဲ့

**ချက်ပတာအစ်(ကင်ညာ) မတ် ၁၃**

ကင်ညာနိုင်ငံ အယ်လ်ဂွန်တောင်ဒေသရှိ သူပုန်စခန်းတစ်ခုကို မတ် ၁၁ ရက်က ဒုတိယမြောက်နေ့အဖြစ် စစ်တပ်က ရဟတ်ယာဉ်များ သုံး၍ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ ရာပေါင်းများစွာသော ကင်ညာ ပြည်သူများ ထွက်ပြေးကြရပြီး အချို့ သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**ထွက်ပြေးခဲ့ရ**

ကင်ညာစစ်ရဟတ်ယာဉ်များက အဆိုပါ တောင်ခြေသို့ တရစပ် စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ အနည်းဆုံး ၃၀၀ခန့် ထွက်ပြေးခဲ့ရကြောင်း၊ ရာပေါင်းများစွာသော လက်နက်ကြီးကိုင် တပ်ဖွဲ့ဝင်များ မတ်၁၀ရက်က တောအုပ်ထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်သွားကြောင်း ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။

**အငြင်းပွားမှု**

အယ်လ်ဂွန်တောင် ဒေသသည် ဒီဇင်ဘာလ ကင်ညာ ရွေးကောက်ပွဲ အငြင်းပွားမှု ကင်ညာနိုင်ငံ တစ်ဝန်း၌ ဖြစ်ပွားခဲ့ရာတွင် လူမျိုးစုများ သေဆုံးခဲ့ရသည့် ဒေသတစ်ခုဖြစ်သည်။

**တားမြစ်ထား**

ထိုနေ့နံနက်က ရဟတ်ယာဉ်များသည် ကျေးရွာများသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ သတင်းထောက်များနှင့် အကူအညီပေးသူများအား စက်ပစ်ကွင်းအတွင်း မဝင်ရန် သက်ဆိုင်ရာက တားမြစ်ထားသည်။

**သေဆုံးခဲ့**

ယင်းဒေသသည် ယူဂန္ဒာနယ်စပ်၌ရှိပြီး ဆင်အုပ်များနေထိုင် ကျက်စားရာ ဒေသဖြစ်သည်။ တိုက်ခိုက်မှုကြောင့် လူအချို့ သေဆုံးခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

## ကားဗုံးပေါက်ကွဲ

**ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ်၁၂ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# ပြင်သစ်မှ ပထမကမ္ဘာစစ်ကာစစ်ပြန်ကြီး အသက်၁၁၀တွင် ပါရီ၌ကွယ်လွန်

**ပါရီ မတ် ၁၃**

ပြင်သစ်နိုင်ငံ၏ ပထမကမ္ဘာစစ်က နောက်ဆုံးလက်ကျန် စစ်ပြန်ကြီး တစ်ဦးဖြစ်သည့် လာဇာရေးပွန်တီဆဲလ်လီသည် **(အောက်ပုံ)** အသက် ၁၁၀တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း မတ်၁၂ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

**ကွယ်လွန်**

အဆိုပါ စစ်ပြန်ကြီးသည် မတ် ၁၂ရက်က ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သမ္မတ ဆာကိုဇီက ကြေညာသည်။ မစ္စတာပွန်တီဆဲလ်လီသည် မူလက အီတလီနိုင်ငံသားဖြစ်သည်။ ၎င်းသည် အသက်ကိုးနှစ်အရွယ်တွင် အစ်ကိုနှစ်ဦးနှင့်အတူ ပါရီမြို့သို့ အလုပ်လုပ်ရန် ရောက်ရှိလာသည်။ မစ္စတာပွန်တီဆဲလ်လီအား ၁၈၉၇ခုနှစ် ဒီဇင်ဘာ၇ရက်တွင် အီတလီနိုင်ငံမြောက်ပိုင်း အီမီလီယာရိုမက်နာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၁၄ခုနှစ် ဩဂုတ်လတွင် ပြင်သစ်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။

**အသက် ၁၁၀**

ပြင်သစ်နိုင်ငံမှ အသက်အကြီးဆုံး ပထမကမ္ဘာစစ် စစ်ပြန်ကြီး လူးဝစ်ဒီကာဇီနာဗေသည်လည်း အသက်၁၁၀ တွင်ပြီးခဲ့သည့်ဇန်နဝါရီလက ကွယ်လွန်ခဲ့သည်။ မစ္စတာပွန်တီဆဲလ်လီသည် ပါရီမြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်၌ ၎င်း၏သမီးဖြစ်သူနှင့်အတူ နေထိုင်လျက်ရှိစဉ် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ၎င်းအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် သင်္ဂြိုဟ်သွားမည် ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

# နေ့စဉ် ယွမ် ၁၀ လှူသည့် အဘွား ရှုကြည်ဖန် နှစ်နှစ်ဆယ်အကြာ ယွမ်လေးသန်း လှူဒါန်းသူဖြစ်လာ

ပေကျင်း မတ် ၁၃

**တရုတ်နိုင်ငံမှ အသက် ၈၀ရှိ အဘွားတစ်ဦးသည် လွန်ခဲ့သော အနှစ်၂၀က လူမှုရေးအဖွဲ့အစည်းများသို့ နေ့စဉ် ယွမ်၁၀ခန့် (အမေရိကန်ဒေါ်လာ ၁ဒသမ၄ဒေါ်လာ) လှူဒါန်းခဲ့ရာ ယခုအခါ ယွမ်လေးသန်းကျော် လှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

**အဆိုပါ အဘွား၏ အမည်မှာ ရှုကြည်ဖန်ဟုခေါ်သည်။ ဖူကျန်းပြည်နယ် အရှေ့ပိုင်းရှိ ရွာတစ်ရွာ၌ နေထိုင်လျက်ရှိသည်။**

လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်း

**အဘွားရှုကြည်ဖန်သည် လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်းနိုင်ရန် ငွေကြေးများကို သားသမီးများထံမှ ရသည်ဟု ဆိုသည်။ သားအကြီးဆုံးမှလွဲ၍ သားသမီးအားလုံး အမေရိကန်ပြည်ထောင်စုတွင် အလုပ်လုပ်နေကြကြောင်း ပေကျင်းတိုင်း(မ်)သတင်းစာက မတ်၁၀ရက်၌ ရေးသားဖော်ပြသည်။**

ယွမ်၂၀၀၀၀၀လှူဒါန်း

**၂၀၀၃ခုနှစ်က အဘွားရှုကြည်ဖန်သည် အထူးလှူဒါန်းမှုတစ်ရပ်အဖြစ် သူနေထိုင်ရာ လျှံကျန်းဒေသရှိ ကလေးများ လက်မှုပညာသင်ကျောင်းသို့ ယွမ်၂၀၀၀၀၀လှူဒါန်းပေးခဲ့ကြောင်း ယင်းဒေသရှိ ယဉ်ကျေးမှုဌာန၏ ညွှန်ကြားရေးမှူးဟောင်း ဖန်ကိုင်ရှုက ပြောကြားသည်။**

**ပြီးခဲ့သည့်နှစ်က အဘွားရှုကြည်ဖန်သည် ဒေသရှိ ပန်းခြံဆောက်လုပ်ရန်အတွက် ယွမ်၃၈၀၀၀၀လှူဒါန်းခဲ့ကြောင်း ၎င်းသတင်းစာက ဆက်လက်ရေးသားသည်။ လွန်ခဲ့သောနှစ်များက အဘွားရှုကြည်ဖန်သည် ကျောင်းပညာရေး မသင်ကြားနိုင်သော ကလေး ၁၀၀၀နီးပါးကိုလည်း ပညာသင်ယူနိုင်ရန် ငွေကြေးစသော အထောက်အပံ့များ ပေးကမ်းလှူဒါန်းခဲ့သည်ဟု ဆိုသည်။**

အမ်အင်န်အေ၊ဆင်ဟွာ

# ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

## ပြင်သစ်နဲ့ပွဲ အင်္ဂလန်အသင်းခေါင်းဆောင် ဘယ်သူဖြစ်လာမလဲ

မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၁၃

**အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုဟာ မတ် ၂၆ရက်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ပြင်သစ်အသင်းနဲ့ ချစ်ကြည်ရေးပွဲကစားမယ့် အင်္ဂလန်အသင်း အတွက် အသင်းခေါင်းဆောင် တာဝန်ပေးဖို့ ဆုံးဖြတ်ရခက်နေတယ်လို့ ဆိုပါ တယ်။**

### စောင့်ကြည့်

အင်္ဂလန်နည်းပြအဖြစ် ပထမဆုံး ကိုင်တွယ်ခဲ့တဲ့ ဆွစ်ဇာလန်နဲ့ ချစ်ကြည်ရေးပွဲမှာ အင်္ဂလန်အသင်းကို အောင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကာပယ်လိုဟာပြင်သစ်နဲ့ပွဲမှာလည်း ဘယ်လိုအဖြေထွက်အောင် ဖျူပြာခင်းကျင်းမလဲဆိုတာ အင်္ဂလန်ပရိသတ်တွေ စောင့်ကြည့်နေကြပြီ ဖြစ်ပါတယ်။



**ဖရန့်လမ်းပတ် အသင်းခေါင်းဆောင် ဖြစ်မှာလား....။** (အင်တာနက်ဓာတ်ပုံ)

**အသင်းခေါင်းဆောင် ရွေးဖို့ ခက်နေသည့် အင်္ဂလန်နည်းပြ ကာပယ်လို။** (အင်တာနက်ဓာတ်ပုံ)

### မသေချာ

လောလောဆယ် အချိန်မှာတော့ အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးဖို့ရည်ရွယ်ထားတဲ့ တယ်ရီကလည်း ခြေထောက်ဒဏ်ရာ ရရှိထားလို့ ပြင်သစ်နဲ့ပွဲမှာ ပါဝင်ကစားနိုင်၊ မကစားနိုင်ဆိုတာ မသေချာဘူးဖြစ်နေပါတယ်။

### အစီအစဉ်ရှိ

ဒါ့အပြင် အင်္ဂလန်အသင်းကပွတိန်ဟောင်း ဒေးဗစ်ဘက်ဟမ်းကိုလည်း နည်းပြကာပယ်လိုက ပြန်လည်ခေါ်ဖို့ ပထမတော့ စဉ်းစားပေမယ့် အခုတော့ တစ်မျိုးဖြစ်နေပြန်ပါတယ်။ ဒေးဗစ်ဘက်ဟမ်းကိုလည်း အင်္ဂလန်အသင်းနဲ့အတူ အသင်းခေါင်းဆောင်အဖြစ် ပွဲပေါင်း၁၀၀ပြည့်အောင်တာဝန်ပေး ကစားစေချင်တဲ့ဆန္ဒ ကာပယ်လိုမှာ ရှိနေတယ်လို့ ဆိုပါတယ်။ အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးဖို့ မသေချာပေမယ့် ကာပယ်လိုက ဒေးဗစ်ဘက်ဟမ်းကို ပြန်လည်ခေါ်ယူ ကစားဖို့တော့ အစီအစဉ်ရှိတယ်လို့ ပြောကြားနေပါတယ်။

**ဂျွန်တယ်ရီ**

**ဂျွန်တယ်ရီ အသင်းခေါင်းဆောင် တာဝန် ဆက်ယူမှာလား....။** (အင်တာနက်ဓာတ်ပုံ)

### ကြံ့ခိုင်မှုမပြည့်

တယ်ရီကလည်း ဒဏ်ရာ ကြောင့် မသေချာ၊ ဒေးဗစ်ဘက်ဟမ်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်လည်းမပေးချင်၊ ဖာဒီနန်ကလည်း လောလောဆယ်မှာ ကြံ့ခိုင်မှုမပြည့်တာကြောင့် နည်းပြကာပယ်လိုရဲ့ အင်္ဂလန်အသင်းခေါင်းဆောင်ရွေးချယ်မှုဟာလမ်းပတ်အပေါ် ရောက်ရှိလာတော့မယ်ဆိုတဲ့ အသံတွေ ထွက်ပေါ်လာပါတယ်။

### အထိုက်တန်ဆုံး

လမ်းပတ်ကတော့ တယ်ရီဟာ အင်္ဂလန်အသင်းရဲ့ အထိုက်တန်ဆုံး အသင်းခေါင်းဆောင်အဖြစ် ထောက်ခံထားပေမယ့် ကာပယ်လိုကတော့ လမ်းပတ်ကို အင်္ဂလန်အသင်းခေါင်းဆောင်တာဝန် ပေးချင်တဲ့ဆန္ဒဖြစ်ပေါ်နေတယ်လို့ဆိုပါတယ်။

### သုံးသပ်

လမ်းပတ်ဟာ ကွင်းလယ်မှာ တာဝန်ကျေသလို တစ်သင်းလုံးရဲ့ ကစားအားအတက်အကျကိုလည်း ထိန်းပေးနိုင်တဲ့ ကစားသမားကောင်း တစ်ဦးဖြစ်တယ်လို့လည်း ကာပယ်လိုက သုံးသပ်ထားပါတယ်။

အမှန်မှာက လမ်းပတ်ထက် ဂျရတ်က အသင်းခေါင်းဆောင်ပိုဖြစ်သင့်တယ်လို့ဝေဖန်သံတွေလည်း ပေါ်ထွက်နေတာကြောင့် ကာပယ်လိုရဲ့ ပုဂ္ဂလိကခံစားချက်ကို ရှေ့တန်းတင်ရင်ဒေးဗစ်ဘက်ဟမ်း၊တယ်ရီ၊ဂျရတ်နဲ့ ဖာဒီနန်တို့အသင်းခေါင်းဆောင်တာဝန်ယူသင့်ပေမယ့်အခုအချိန်အထိ တာဝန်ယူဖို့ အဖြစ်နိုင်ဆုံးကတော့....။ ။

## ယူအီးအက်ဖ်အေ ၁၆သင်း ရှုံးထွက်ပြိုင်ပွဲ အဲဗာတန်နှင့်စပါး ပယ်နယ်တီဂိုးဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရ

လန်ဒန် မတ် ၁၃

ယူအီးအက်ဖ်အေ ၁၆သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပြိုင်ပွဲများကို မတ်၁၃ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာလိဂ်အသင်းများဖြစ်သည့် အဲဗာတန်နှင့် စပါးအသင်းတို့သည် ပယ်နယ်တီများဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အဲဗာတန်က အိမ်ကွင်း၌ ဖီအိုရင်တီးနားနှင့်ကစားရာတွင် နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။ သို့သော်လည်း ပထမအကျော့တွင် ဖီအိုရင်တီးနားက အိမ်ကွင်း၌ အနိုင်ရထား၍ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ယင်းအတွက် ပယ်နယ်တီကန်ကြရာ ဖီအိုရင်တီးနားက လေးဂိုး–နှစ်ဂိုးဖြင့်သွင်းနိုင်ပြီး ကွာတားဖိုင်နယ် တက်ခွင့်ရသွားသည်။

### ကွာတားတက်

အလားတူ ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းနှင့် တော့တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တော့တင်ဟမ်အသင်းက ပီအက်စ်ဗွီအိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။ သို့သော်လည်း ပထမအကျော့တွင် ပီအက်စ်ဗွီက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရထား၍ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားသည်။ ယင်းအတွက် ပယ်နယ်တီကန်သွင်းကြရာ ပီအက်စ်ဗွီက ခြောက်ဂိုး–ငါးဂိုးဖြင့်နိုင်ပြီး ကွာတားတက်လာသည်။

ဂီတာဖေးလ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် ဂီတာဖေးလ်က နှစ်ကျော့ပေါင်း သုံးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ကွာတား တက်ခဲ့သည်။

ထို့အတူ ဘိုင်ယန်မြူးနစ်နှင့် အန်ဒါလက်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘိုင်ယန်မြူးနစ်က နှစ်ကျော့ပေါင်း ခြောက်ဂိုး–နှစ်ဂိုးဖြင့် ကွာတားသို့ ရောက်လာသည်။ **(အင်တာနက်)**

## ပရီမီယာလိဂ် လက်ကျန်ပွဲများ ယှဉ်ပြိုင် ချယ်လ်ဆီးတို့ ဒါဘီကို ဂိုးဒါဇင်ဝက်သွင်းပြီး အောင်ပွဲခံ

မြင့်မောင်စိုး

လန်ဒန် မတ် ၁၃

**ပရီမီယာလိဂ် လက်ကျန်ပွဲများအဖြစ် မတ် ၁၂ရက် ညပိုင်းက ယှဉ် ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက အိမ်ကွင်း၌ ဒါဘီအသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

**ပို့စ်မောက် အသင်းအတွက် အဖွင့်ဂိုးကို ဒီဖိုးက ဘာမင်ဂမ်ဂိုးအတွင်း ဤသို့ ခေါင်းတိုက် သွင်းယူခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

### ဂိုးဒါဇင်ဝက်သွင်း

ပြီးခဲ့သည့်အပတ်က ချယ်လ်ဆီးတို့ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဘန်စလေအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အသင်း၏ဂုဏ်သိက္ခာကို ဆယ်နိုင်ရန် ဒါဘီအသင်းဂိုးပေါက်ထဲသို့ ဂိုးဒါဇင်ဝက် သွင်းယူပစ်လိုက်သည်။

### လေးဂိုးသွင်း

ယင်းပွဲတွင် ကွင်းလယ်ကစားသမား လမ်းပတ်က ထူးထူးခြားခြား လေးဂိုးအထိ သွင်းယူသွားခဲ့သည်။

### နှစ်သိမ့်ဂိုး

လမ်းပတ်သည် ဒါဘီကစားသမား လီယာကွတ် လူချကစားသဖြင့် ပယ်နယ်တီကန်ခွင့်ရသည်။ ယင်းပယ်နယ်တီကို လမ်းပတ်က သွင်းယူခဲ့သည်။ ယင်းနောက် ကာလူးက ဒုတိယဂိုး၊ ဂျို့ကိုးလ်ဖြတ်တင်ပို့သည့် ဘောလုံးမှ လမ်းပတ်က ဒုတိယဂိုး၊ အနယ်ကာ ဖန်တီးပေးသည့်ဘောလုံးမှတစ်ဆင့် ဂျို့ကိုးလ်က တစ်ဂိုး၊ လမ်းပတ်က ၂၅ကိုက်အကွာမှသွင်းယူသည့် ဟက်ထရစ်ဂိုး၊ ယင်းနောက် လမ်းပတ်ကပင် ချယ်လ်ဆီးအသင်းအတွက် ခြောက်လုံးမြောက်ဂိုးကို ပွဲချိန် မိနစ် ၇၀ အတွင်း ဆက်တိုက်သွင်းယူခဲ့သည်။ ဒါဘီအသင်းအတွက် နှစ်သိမ့်ဂိုးကို ဒေးဗစ်ဂျုံးက သွင်းယူခဲ့သည်။

### ငါးမှတ်အကွာ

ယင်းပွဲအပြီး ချယ်လ်ဆီးအသင်းသည် ထိပ်ဆုံးရောက် အာဆင်နယ်အသင်းနောက်မှ ငါးမှတ် အကွာဖြင့် လိုက်လာသည်။ ပွဲစဉ်၂၉အပြီး အာဆင်နယ်က ၆၆မှတ်၊ မန်ယူက ၆၄မှတ်၊ ချယ်လ်ဆီးက ၆၁မှတ်ရရှိထားသည်။

### အားပြိုင်

ထိုနေ့က အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်လာသည့် ပို့စ်မောက်အသင်းက အိမ်ကွင်း၌ ဘာမင်ဂမ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့၍ အမှတ်ပေးဇယားနံပါတ်(၇)နေရာသို့ ရောက်လာသည်။ ယင်း အနိုင်ပွဲကြောင့် ပို့စ်မောက်အသင်းသည် လာမည့်နှစ် ယူအီးအက်ဖ်အေဖလားနေရာအတွက် အဲဗာတန်၊ အက်စ်တွန်ဗီလာတို့နှင့်အတူ အားပြိုင်လျက်ရှိသည်။

### သရေကစား

ယင်းနေ့က အက်စ်တွန်ဗီလာတို့ အိမ်ကွင်း၌ မစ်ဒယ်ဘရော့အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေသာကစားခဲ့၍ ရမှတ်တစ်မှတ်သာရလိုက်သည်။ **(အင်တာနက်)**

## အင်တာနက် သတင်းအတိုအထွာ

- **ဘင်ဖီကာအသင်းသည် နည်းပြ ကမာချိုအား အသင်းမှ ထုတ်ပယ်ပြီးနောက် ၎င်းနေရာတွင် နည်းပြအဖြစ်အစားထိုးရန် မန်ယူလက်ထောက်နည်းပြ ကားလို့စ်ကွီရောဇ်အား ခေါ်ယူလိုသည်ဟုဆိုသည်။**
- ဖာဘရီဂတ်စ်နှင့် ဖလာမီနီတို့သည် အကောင်းဆုံး ကွင်းလယ်ကစားသမားများဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။
- **ချယ်လ်ဆီးအသင်း၏ အနာဂတ်တွင် ဆက်ကစားရန်မသေချာသော လမ်းပတ်၏နေရာတွင် အစားထိုးရန် ဝါဒါဘရီမင်မှ ပေါင်၂၅သန်းတန် ဘရာဇီး ကစားသမား ဒိုင်ဂိုအား ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။**
- ဒွိုက်ယော့သည် ဆန်းဒါးလင်းအသင်းမှထွက်ခွာပြီး ဩစတြေးလျနိုင်ငံ ဆစ်ဒနီတွင် ပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိသည်။
- ဗီလာရီးရဲအသင်းမှ ရီခရီးယေးတီဗိုအသင်းသို့အငှားစာချုပ်ဖြင့် သွားကစားနေသူ ဥရုဂွေး ဗဟိုခံစစ်မှူး မာတင်ကာစီးရက်အား ချယ်လ်ဆီးအသင်းက ပေါင် ခုနစ်သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသော်လည်း ဗီလာရီးရဲက ပေါင် ၁၄သန်း ဈေးခေါ်ထားသည်။
- **မန်ယူနှင့်အာဆင်နယ်တို့သည် ကာဒစ်အသင်းမှ ပေါင်ငါးသန်းတန် အသက်၁၇နှစ်ရှိ လူငယ်ကစားသမား အေအရွန်ရမ်ဆေးကို ခေါ်ယူရန် အပြိုင် ကမ်းလှမ်းထားခဲ့ကြသည် ဆိုသည်။**
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်ရာသီတွင် ဝက်စ်ဟမ်းအသင်းမှ ကစားသမားနိုဘယ်လ်ကို ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရေး ကြိုးပမ်းနေသည်။
- **မန်စီးတီးနည်းပြ အဲရစ်ဆင်သည် ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမော့ဒရစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။**

# ကြက်ငှက်တုပ်ကွေး ကာကွယ်တားဆီးရေး သုံးသပ်ဆွေးနွေးပွဲ

**သတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၁၃**

ကမ္ဘာ့နိုင်ငံအချို့မှာ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုတွေရှိနေတာမို့ နိုင်ငံတိုင်းဟာ နည်းလမ်းပေါင်းစုံနဲ့ ကာကွယ်ကြ၊ ဖြေရှင်းကြ၊ နည်းလမ်းရှာဖွေကြနဲ့ အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါတယ်။

မြန်မာနိုင်ငံမှာလည်း နိုင်ငံတော်အပိုင်းရော၊ အစိုးရမဟုတ်တဲ့ နိုင်ငံတကာနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေကပါ ပူးပေါင်းပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ ပြုလုပ်နေပါတယ်။

အဲဒီလို မြန်မာနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်မှာ မတ် ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀မှာ ကျင်းပခဲ့ပါတယ်။

**"အားလုံးစုစည်းပြီး သုံးသပ် အကြံပေး ဆောင်ရွက်ကြတာပါ"**
ဒေါ်အေးအေးသန်း
မြန်မာနိုင်ငံ ယူနီဆက်ဖ်ရုံးမှ တာဝန်ရှိသူ

## တက်ရောက်

ဒီဆွေးနွေး သုံးသပ်ပွဲကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က တာဝန်ယူကျင်းပပေးတာဖြစ်ပြီး ကျန်းမာရေး၊ မွေးမြူရေးနှင့်ကုသရေး၊ ပညာရေး၊ ပြန်ကြားရေးစတဲ့ ဌာနဆိုင်ရာက တာဝန်ရှိသူတွေ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများက တာဝန်ရှိသူတွေနဲ့၊ နိုင်ငံတကာနဲ့ ပြည်တွင်းက အစိုးရမဟုတ်တဲ့ လူမှုရေး အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ တက်ရောက်ခဲ့ကြပါတယ်။

အခုပြုလုပ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းအကြောင်း ဆွေးနွေး၊ သုံးသပ်တဲ့ပွဲနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ယူနီဆက်ဖ်ရုံးက တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဒေါ်အေးအေးသန်းက "၂၀၀၆ ခုနှစ်ကစပြီး ဖွဲ့စည်းထားတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနဲ့ ပတ်သက်ပြီး Technical Working Group (TWG) ရဲ့ အခုအချိန်အထိ ဆောင်ရွက်ခဲ့သမျှတွေ ပြန်သုံးသပ်မှုနဲ့ ရှေ့ဆက်ပြီး ဆက်လက်ဆောင်ရွက်သင့်တဲ့ အကြံဉာဏ်တွေရယူသုံးသပ် ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ဒီရောဂါနဲ့ ပတ်သက်ပြီး အားလုံးစုစည်း ဝိုင်းလုပ်ကြတဲ့ သဘောပါပဲ"လို့ ရှင်းပြပါတယ်။

## ရှင်းပြဆွေးနွေး

ဒီဆွေးနွေးသုံးသပ်ပွဲမှာ (TWG) ရဲ့ ၂၀၀၆ ခုနှစ်တုန်းက ချမှတ်ခဲ့တဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး မဟာဗျူဟာနဲ့ပတ်သက်ပြီး ၂၀၀၆–၂၀၀၈ခုနှစ် အတွင်းမှာ ဘာတွေဆောင်ရွက်ခဲ့တယ်။ ဘယ်လိုဆောင်ရွက်တယ်။ လုပ်ဆောင်ခဲ့သမျှ အကျိုးသက်ရောက်မှု ဘယ်လောက်ရှိတယ်ဆိုတာတွေကို တက်ရောက်လာသူတွေက ရှင်းပြဆွေးနွေးကြပါတယ်။

ဒီလို ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး ပြည်သူတွေ နားလည်မှု၊ ကျင့်သုံးမှုတွေမှာ ဘယ်အတိုင်းအတာအထိ ရှိတယ်ဆိုတာတွေ၊ အိမ်ရှင်မတွေအနေနဲ့ ဘယ်လောက်အထိ သိရှိလိုက်နာ ကျင့်သုံးနိုင်မှုတွေကအစ ဆွေးနွေးကြပါတယ်။

## အကျိုးသက်ရောက်

ယူနီဆက်ဖ်အနေနဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းကို နိုင်ငံတော်နဲ့ရော အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းအနေနဲ့ရော ပူးပေါင်းဆောင်ရွက်နေမှုဟာအကျိုးသက်ရောက်မှုရှိနေပါတယ်။

Technical Working Group မှာ ဌာနဆိုင်ရာတွေ၊ နိုင်ငံတကာနဲ့ ပြည်တွင်းမှာရှိတဲ့ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းတွေ ပါဝင်နေတာမို့ ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်မှုတွေနဲ့ ရှေ့ဆက်ပြီး ဘယ်လိုနည်းဗျူဟာတွေနဲ့ ဆက်လက် လုပ်ကိုင်သွားကြမယ်ဆိုတာတွေကို ဆွေးနွေးကြတာမို့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနဲ့ ပတ်သက်ပြီး အကျိုးဖြစ်ထွန်းစေမယ့် ဆောင်ရွက်မှုတစ်ရပ် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**(မြန်မာ့အလင်း)**

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ Technical Working Group အဖွဲ့ဝင်များ ဆွေးနွေးနေကြစဉ်။

**ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်မှုတွေနဲ့ ရှေ့ဆက်ပြီး ဘယ်လို နည်းဗျူဟာတွေနဲ့ ဆက်လက်လုပ်ကိုင်သွားကြမယ်ဆိုတာတွေကို ဆွေးနွေးကြတာမို့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနဲ့ ပတ်သက်ပြီး အကျိုးဖြစ်ထွန်းစေမယ့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်။**

# တရားစခန်းများ ဖွင့်လှစ်မည်

## ဓမ္မဇောတိ ဝိပဿနာရိပ်သာ

ရန်ကုန် မတ် ၁၃

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဂိုအင်ကာ၏ ဓမ္မဇောတိဝိပဿနာရိပ်သာတွင် အသက်(၁၆)နှစ်မှ (၂၀)အောက် လူငယ်များ ခုနစ်ရက်ဝိပဿနာတရားပတ်ကျင်းပမည်ဖြစ်ရာ အမျိုးသမီးလူငယ်များအတွက် မတ် ၂၂ရက် မှ ၃၀ရက်အထိဖြစ်ပြီး အမျိုးသားလူငယ်များအတွက် မတ် ၃၁ ရက်မှ ဧပြီ ၈ ရက်အထိ ဖြစ်သည်။**

**အမျိုးသမီးလူငယ်များသည် မတ် ၂၀ရက်နှင့် ၂၁ရက် နံနက် ၉ နာရီနောက်ဆုံးထား၍လည်းကောင်း၊ အမျိုးသားလူငယ်များသည် ၂၉ရက် နံနက် ၉နာရီနောက်ဆုံးထား၍လည်းကောင်း လျှောက်လွှာပုံစံများကို မိမိကိုယ်တိုင် ဖြည့်သွင်း၍ မိဘသဘောတူခွင့်ပြုကြောင်းလက်မှတ်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၀၁–၅၄၉၂၉၀နှင့် ၀၁–၅၄၆၆၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။**

## မော်လမြိုင် ဓမ္မပဋိပတ်ရိပ်သာ

မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် တောင်ရိုးတန်းလမ်း ဓမ္မပဋိပတ်ရိပ်သာတွင် ဒုလ္လဘရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်အဓိဋ္ဌာန်အထူးခုနစ်ရက်တရားစခန်းတို့ကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မွန်ပြည်နယ်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနည်းပြ ရိပ်သာကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအရှင်ပညာဝံသနှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၂)ရပ်ကွက် အောင်တော်မူကျောင်း ပဓာနနာယက နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဆရာတော် ချင်းတွင်းအရှင်ကလျာဏ လူမှုထူးချွန်(ပ–ဒ–တ)တို့က ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ဒုလ္လဘဝတ်လိုသူများနှင့် စခန်းဝင်လိုသူများသည် ဖုန်း–၀၅၇–၂၅၅၄၄ သို့ ဆက်သွယ်၍ ဧပြီ ၁၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီအရောက် လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

## ဒေးဒရဲ မငေးကြီးကျေးရွာ ဇေတဝန်ကျောင်း

**ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် မငေးကြီးကျေးရွာ ဇေတဝန်ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏ ခုနစ်ရက်တရားစခန်းတွင် (နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ ကြို့ပင်ကောက်တိုက်ကျောင်းဆရာတော်) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များကို မတ် ၂၃ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။**

## လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်(၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ် ၂၁ ရက်မှ ၂၉ရက် (တပေါင်းလဆန်း ၁၅ ရက်မှ တပေါင်းလပြည့်ကျော် ၈ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

## ရွှေဘိုဆရာတော် ဓမ္မခရီးစဉ်

**စစ်ကိုင်းတိုင်း ရွှေဘိုမြို့ မဏိရတနာပုံကျောင်းတိုက်ဆရာတော်နှင့် သီတဂူကြယ်တစ်ပွင့် ဆရာတော်တို့၏တပည့် မလွန်ဈေးဆန်လှူအသင်းကြီး၏ နယ်လှည့်ဓမ္မကထိက အရှင်ဝိစာရ (ဓမ္မာစရိယ)သည် မတ် ၁၇၊ ၁၈ ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် မူးကမ်းကြီး၊ မတ် ၂၂ ရက်တွင် ရွှေဘိုမြို့ ကျောင်းတကာအလှူ (ဆည်းဆာ) ၂၅ ရက်နှင့် ၂၆ ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကြက်ဆင်ပျိုရွာ၊ ၂၇၊ ၂၈ရက်တွင် ကျိုက်လတ်ကလေး၊ မတ် ၂၉၊ ၃၀ ရက်တွင် ဆူးကလပ်ရွာ၊ မတ် ၃၁ ရက်၊ ဧပြီ ၁ ရက်တွင် ချောင်းကြီး၊ ၂၊ ၃ ရက်တွင် လင်းရွာ၊ ၄ ရက်၊ ၅ ရက်တွင် မှော်ကြီး၊ ၆ရက်၊ ၇ ရက်တွင် သမှော်ကြီးရွာဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။**

(က–ပ)

# The Live News ဂျာနယ် အမှတ်(၇၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၁၃**

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၇၅) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ဂျပန်အထည်ချုပ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းတိုးချဲ့ရန်ပြင်ဆင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်၊ ဘဲဒိုင်ဈေးကို ရွှေပြည်သာနှင့် ရွာသာကြီးတွင် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်၊ ချယ်ရီပင်အောက် နောက်တစ်ခေါက် ပြန်မရောက်နိုင်တော့တဲ့ စိုင်းထီးဆိုင် နွေဉသြနှင့်အတူ နှုတ်ဆက်ခွဲခွာသွားခဲ့ပြီ၊ ဆယ်ကျော်သက် သရုပ်ဆောင်မလေး မေသက်ခိုင်နှင့် မိတ်ဆက်ခြင်း၊ အချင်းချင်းလည်း အိုးမဲသုတ်တန်သုတ်ကြရတဲ့ သမ္မတလောင်းရွေးချယ်ပွဲ၊ ဒေါ်လာဈေးကျ၍ ဥရောပကားကုမ္ပဏီများ အမေရိကန်ကိုပြောင်းရွှေ့၊ နေတိုးကိုပုဆိန်လက်ဆောင်ပေးလိုက်တဲ့ ရှရှား၊ လက်တင်အမေရိကမှ စစ်မီးပွား၊ တစ်မည်တည်းဖြင့် မဂ္ဂဇင်းသုံးစောင်၊ ပုံပြင်မှပေးသော အတွေးအမြင် (လျှို့ဝှက်အပ်သောစကား)၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ လမ်းပေါ်ကအတွေးများ(၁၀) နွံထဲကကြာ၊ သမိုင်းကြောင်းကောင်းတဲ့ ဗိုလ်တထောင်ဘုရားလမ်း (Thompson Road)၊ တက္ကစီမင်းနှင့် အလောသုံးဆယ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ဦးကို၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဧီးကုန်း)နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာ ဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂နှင့် ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၄–၃–၂၀၀၈ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈ International News
- ၈:၄၅ ၉။ English For Everyday Use
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises For Correct Pronuncation
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၆:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်)
- ၁၇:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၃၅ ၈။ "လုံ လုံ လုံ" ဖိုးဉာဏ်၊ မေကဗျာ (ဒါရိုက်တာ–မလိခ စိုးထိုက်အောင်)
- ၁၇:၄၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၅၀ ၁၀။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း–၁၆)
- ၁၉:၅၀ ၁၅။ ရှုဖွယ်စုံညီ မြန်မာပြည်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း–၉)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြိတ်ကျွန်းစုရှိ ရှေးဟောင်း သမိုင်းမှတ်တမ်းများနှင့် ပတ်သက်၍ ဦးကျော်မျိုးဝင်း (ရှေးဟောင်းသုတေသနဦးစီးအရာရှိ) နှင့် လွင်မိုးတို့ ခရီးစဉ်အတွင်း ဤသို့ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

# "လွင်မိုး ခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့)" ခရီးသွားပရိုဂရမ် မကြာမီပရိသတ်များ စိတ်ဝင်စားဖွယ်ရာ ကြည့်ရှုခွင့်ရကြတော့မည်

သတင်းဆောင်းပါး-မိုးမြင့်လင်းလက် | ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) | စာမျက်နှာဖွဲ့စည်းမှု-ကြည်ဝင်း

ရန်ကုန် မတ် ၁၃

**"လွင်မိုး ခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့)"ဆိုတဲ့ ခရီးသွားပရိုဂရမ်ကို ခရီးထွက်ပြီးရိုက်ကူးခဲ့တဲ့ သရုပ်ဆောင်လွင်မိုးတို့အဖွဲ့ရဲ့ လက်တွေ့ရိုက်ကူးခဲ့မှုတွေကို သိရှိနိုင်ဖို့ သရုပ်ဆောင်အကယ်ဒမီ လွင်မိုးရဲ့အိမ်ကို မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါတယ်။**

**မေလဆန်းမှာ ဒီပရိုဂရမ်ပြနိုင်မယ်လို့ ရည်မှန်းထားပါတယ်။**

**အကယ်ဒမီ လွင်မိုး**

**"လွင်မိုးခရီးသွားနေသည်(မြိတ်ကျွန်းစုဆီသို့)"**ဆိုတဲ့ ခရီးသွားပရိုဂရမ် သွားရောက်ရိုက်ကူးခဲ့မှုကို မေးမြန်းတဲ့အခါ သရုပ်ဆောင် လွင်မိုးက **"ပထမ ရက် ၂၀ လောက်ပဲ ကြာမယ်ထင်ပေမယ့် တကယ်တမ်း ရိုက်ကူးတဲ့အခါ စုစုပေါင်း ၄၅ ရက်လောက် ကြာသွားတယ်၊ တနင်္သာရီတိုင်း အတွင်း မြိတ်၊ ထားဝယ် စတဲ့နေရာ အစုံကို ရိုက်ကူးတာမို့ တင်ပြစရာ အကြောင်းအရာတွေလဲ အများကြီး ပါတယ်၊ ကျွန်တော်တို့ကိုယ်တိုင် ဟိုရောက်မှ သိရတာတွေလဲ အများကြီးပါပဲ"**လို့ ပြောပြပါတယ်။

## ပထမဆုံး

သရုပ်ဆောင် အကယ်ဒမီလွင်မိုးတို့အဖွဲ့ဟာ ဒီခရီးသွား ပရိုဂရမ်ကို ပထမဆုံးစရိုက်တာကတော့ ဇန်နဝါရီ ၂၃ ရက်မှာ တနင်္သာရီတိုင်း ရေးမြို့အထွက် ၁၈မိုင် အကွာမှာရှိတဲ့ တနင်္သာရီတိုင်းရဲ့ ကြိုဆိုရေးမုခ်ဦးပဲ ဖြစ်ပါတယ်။ ဒါကလည်း မြိတ်ကျွန်းစု ခရီးသွားပရို ဂရမ်ရဲ့အစကို စတင်မိတ်ဆက်ပေးခြင်းဖြစ်တယ်လို့ သရုပ်ဆောင် အကယ်ဒမီလွင်မိုးက ပြောပြပါတယ်။

အဲဒီနောက် ကလိန်အောင်မြို့မှာရှိတဲ့ အောင်သာဝတီမြို့ဟောင်းနေရာ၊ နန်းဦးစေတီနဲ့ အဲဒီနန်းဦးစေတီမှာရှိတဲ့ ရှေးဟောင်း အင်းအိုင်၊ လက်ဖွဲ့၊ နက္ခတ်တွေတွက်ချက်တဲ့ သဲကျောက်ပြားကအစ ရိုက်ကူးခဲ့တယ်လို့ ဆိုပါတယ်။

ဇန်နဝါရီ ၂၅ ရက်မှာတော့ ထားဝယ်မြို့ မုတ္တီးမြို့ဟောင်းမှာရှိတဲ့ အုတ်ခွက်ဘုရားကို ရိုက်ကူးခဲ့ပါတယ်။ အဲဒီအုတ်ခွက် ဘုရားဟာ ကျန်စစ်သားမင်း လက်ထက်ကလို့ ယူဆရပြီး အုတ်ခွက်ဘုရားမှာ ရေးထိုးထားတဲ့ ကမ္ပည်းမှာ **"ငါ့ရှင် ကျန်စစ်မင်း ဘုရားဖြစ်က ငါလဲ သာဝကဖြစ်ရလို၏"** လို့ ဆုတောင်းစာ ပါတယ်လို့ သရုပ်ဆောင် အကယ်ဒမီ လွင်မိုးက ရှင်းပြပါတယ်။ အဲဒီမှာ သီဝနတ်ရုပ် (ဗိဿနိုးနတ်ရုပ်) ကိုလည်း ရိုက်ကူးခဲ့ပါသေးတယ်။

## စိတ်ဝင်စားဖွယ်

ဇန်နဝါရီ ၂၆ရက်နဲ့ ၂၇ရက်တွေမှာတော့ ထားဝယ်ခရိုင် ဝေဒီမြို့ဟောင်းကိုရိုက်ခဲ့ပြီး အဲဒီမှာ နိုင်ငံကျော် ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ နေအိမ်၊ ဗိုလ်မှူးဗထူးရွာ၊ ကျောက်ချော လက်နက်တွေ၊ ရိုးရာဓလေ့ မိုးရွာအောင်ကတဲ့ ဖားထီး ဖားမ အကတွေစတဲ့ စိတ်ဝင်စားဖွယ်ရာတွေကို လိုက်လံရိုက်ကူးခဲ့တယ်လို့ သရုပ်ဆောင် အကယ်ဒမီလွင်မိုးက ရှင်းပြပါတယ်။

သူ့အနေနဲ့ ထားဝယ်မြို့ဝန်းကျင်မှာ အဓိကရိုက်ကူးခဲ့တာကတော့ သာဂရမြို့ဟောင်းပါလို့ ဆက်လက်ပြောကြားပါတယ်။ သာဂရမြို့ဟောင်းရဲ့ မြို့ရိုးတည်ဆောက်ထားပုံ၊ အုတ်တွေမှာ တွေ့ရတဲ့ လက်ချောင်းရာတွေကအစ ရိုက်ကူးခဲ့ပြီး အဲဒီသာဂရမြို့ဟောင်းဟာ ပုဂံထက်ရှေးကျတဲ့ မြို့ဟောင်းတစ်ခု ဖြစ်တယ်လို့ အထောက်အထားတွေအရ သိရပြီး မြို့ရဲ့ တည်ဆောက်မှုပုံစံက အဝန်းအဝိုင်းသဏ္ဌာန်ဖြစ်တဲ့အပြင် လေ့လာစရာတွေ အများကြီးတွေ့ရတယ်လို့ သရုပ်ဆောင်လွင်မိုးက ပြောပြပါတယ်။ အဲဒီမှာ အချိန်ယူပြီး လေ့လာရိုက်ကူးခဲ့တယ်လို့ ဆိုပါတယ်။

## မောင်းမကန်

အဲဒီနောက်မှာ မောင်းမကန်ကို သွားပြီး ယဉ်ကျေးမှုအကတွေ၊ ရွှေသာလျောင်းဘုရားမှာ မင်းတုန်းမင်းလှူဒါန်းထားခဲ့တဲ့ ပိဋကတ်တိုက်နဲ့ ပိဋကတ်တိုက်ထဲက ပန်းချီကားတွေ၊ စာတွေ ရေးထားတဲ့ ပိဋကတ်ထုပ်ကြိုးတွေက အစ ရိုက်ကူးခဲ့ပါတယ်။

**"ဒီခရီးစဉ်မှာ ဓာတ်ပုံတွေကို စီဒီအချပ်ရေ ၄၀ လောက် ရိုက်ခဲ့ပါတယ်"**

စိန်မျိုးမြင့်
ဓာတ်ပုံပညာရှင်

ဖေဖော်ဝါရီ၂ရက်မှာတော့ မြိတ်မြို့ ရှုခင်းတွေနဲ့ ကနောင်မင်းသားကြီးမြေးဖြစ်တဲ့ လင်းပင်ထိပ်တင်ဒွေးရဲ့ ကျောက်တိုင်၊ ငှက်သိုက်အိမ်၊ သဘာဝငှက်သိုက်ကျွန်း၊ တောနောက်လယ်ရွာမှာရှိတဲ့ ရှင်ကိုယ်တော်ဘုရားကိုလည်း ရိုက်ကူးခဲ့တယ်လို့ ဆိုပါတယ်။ ရှင်ကိုယ်တော်ဘုရားကိုတော့ မြိတ်ဝန်းကျင်မှာ အဓိကထားရိုက်ကူးခဲ့ပြီး အဲဒီဘုရားက အေဒီ ၁၂၆၉ခုနှစ်မှာ နရသီဟပတေ့မင်းရဲ့လူယုံ ဦးပုံက တည်ထားခဲ့တယ်လို့လည်း ဆိုပါတယ်။ အဲဒီမှာ သမိုင်းမှတ်တမ်း မှတ်စရာတွေအများကြီး ရှိတယ်လို့ သရုပ်ဆောင် အကယ်ဒမီလွင်မိုးက ပြောပြပါတယ်။

နောက်ပြီး ရွှေသာလျောင်း၊ ရှင်မကန်နဲ့ ကျားကပွဲတွေလည်း ရိုက်ကူးခဲ့တယ်လို့ ဆိုပါတယ်။ ရိုးရာ ဓလေ့တစ်ခုဖြစ်တဲ့ ကျားကပွဲဟာ ကျားစိတ်အပြည့်ဝင်နေတဲ့ လူတွေရဲ့ ကပွဲတစ်ရပ်ပါပဲ။ ဒါ့အပြင် တနင်္သာရီ မြို့ဟောင်း၊ တုံးဖျောမြို့ဟောင်းနဲ့ ဇလွန်မြို့ဟောင်းတွေမှာ စိတ်ဝင်စားဖွယ်ရာတွေကို ရိုက်ကူးခဲ့တာမို့ ပြည်သူတွေ အလွယ်တကူမတွေ့နိုင်တဲ့ နေရာတွေကို ဂရုတစိုက် ရိုက်ကူးထားကြောင်း သိရပါတယ်။

## ထူးထူးခြားခြား

နောက်ထပ် ထူးထူးခြားခြား ရိုက်ကူးခဲ့တာကတော့ အလောင်းဘုရား ဓားသွေးခဲ့တဲ့ ဓားသွေးချောင်းနဲ့ ဓားသွေး ကျောက်တွေပါပဲ။ အလောင်းဘုရားရဲ့ စစ်သည်တော်တွေ ဓားသွေးခဲ့တဲ့ကျောက်တွေဟာ ယခုအထိ အချိုင့်ရာတွေ ဖြစ်နေတုန်းဆိုတာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အလောင်းမင်းတရား စစ်ချီတဲ့အခါ ယာယီနန်း ပြုလုပ်ခဲ့တဲ့နေရာ၊ အဲဒီမှာရှိတဲ့ စေတီ၊ ကန်တွေကအစ သေသေချာချာရိုက်ကူးခဲ့တာမို့ ရှေးခေတ်မြန်မာဘုရင်တွေ စစ်ချီစစ်ထွက်တဲ့အခါ ယာယီနန်းတွေရဲ့ အနေအထားကို ဗဟုသုတအဖြစ် မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

## ရိုက်ကူး

နောက်ပြီး မြေမနင်းသား(သဲချောင်းကျေးရွာ)ရဲ့ ထူးခြားတဲ့ နေထိုင်မှုသဘာဝအဖြစ် ရေထဲမှာ နေအိမ်တွေ တည်ဆောက်နေကြတာ၊ တစ်ရွာလုံး တံတားထိုးပြီး သွားလာကြတာတွေ၊ မြေမနင်းသား အမည်နဲ့ လိုက်အောင် နေထိုင်တာတွေကိုလည်း စိတ်ဝင်စားဖွယ်ရာ ရိုက်ကူးခဲ့တယ်လို့ သရုပ်ဆောင် အကယ်ဒမီလွင်မိုးက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြပါတယ်။

သဘာဝငှက်သိုက်တွေကိုလည်း တတ်နိုင်သမျှ ရိုက်ကူးခဲ့တဲ့အပြင် ဖန်တီး ငှက်သိုက်အိမ်တွေကိုလည်း ရိုက်ကူးခဲ့တယ်လို့ ဆိုပါတယ်။ ငှက်သံကို အတုပြုလုပ်ပြီး ဇီဝဖိုးငှက်တွေ လာရောက်အောင်ခေါ်ယူကာ ငှက်သိုက်ရအောင် ပြုလုပ်ထားတဲ့ နေအိမ်တွေကိုလည်း မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

**လွင်မိုး ခရီးသွားနေသည် မြိတ်ကျွန်းစုဆီသို့ ခရီးသွားပရိုဂရမ် စတင် ရိုက်ကူးသည့် တနင်္သာရီတိုင်းမှ လှိုက်လှဲစွာကြိုဆိုပါ၏ မုခ်ဦး ရှေ့တွင် ဤသို့အမှတ်တရ....။**

## ပုစွန်မွေးစခန်း

နောက်ပြီး ပန်လုံးအော်မှာရှိတဲ့ ဦးကျားမောင်ရဲ့ ပုစွန်မွေးတဲ့စခန်းကို သွားရောက်ပြီး ဦးကျားမောင်နဲ့ တွေ့ဆုံမေးမြန်းခဲ့ပုံတွေကိုလည်း ရိုက်ကူးခဲ့တာမို့ ရေကိုကြည့်တာနဲ့ ရေအောက်မှာ ဘာငါးရှိတယ်ဆိုတဲ့အထိ သိနိုင်တဲ့ ဦးကျားမောင်နဲ့ တွေ့ဆုံမှုဟာလည်း စိတ်ဝင်စားစရာကောင်းမှာဖြစ်ပါတယ်။

နောက်ထပ် ရိုက်ကူးခဲ့တာကတော့ ဒိုမယ်ကျွန်းမှာရှိတဲ့ ပုလဲမွေးမြူရေးစခန်းမှာ မုတ်ကောင်တွေရဲ့ ထူးခြားတဲ့ မျိုးပွားမှုပါပဲ။ အဲဒီနောက် အစိုးရ ပုလဲကျွန်းကိုသွားပြီး မုတ်ကောင်တွေထဲမှာ ပုလဲရှိမရှိ X-Ray ရိုက်ကူးကြည့်ရှုမှုတွေ၊ ဝါးကျွန်းမှာ ဆလုံတွေနဲ့ အင်တာဗျူးလုပ်ခဲ့တာတွေ၊ ဆလုံရွာဖြစ်တဲ့ ညောင်ဝီရွာမှာ ဆလုံတွေအကြောင်း ရိုက်ကူးမှုတွေ၊ မျောက်နီကျွန်းမှာ မျောက်တွေရဲ့ သဘာဝ၊ အောက်ချင်းငှက်တွေ အုပ်လိုက်ကိုလည်း ရိုက်ကူးခဲ့တာမို့ သရုပ်ဆောင် အကယ်ဒမီ လွင်မိုးရဲ့ ကြိုးစားအားထုတ်မှုတွေကို ပရိသတ်တွေ မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

**ကလိန်အောင်မြို့နန်းဦး စေတီရှိ အင်း၊ အိုင်၊ လက်ဖွဲ့၊ နက္ခတ် တွက်ချက်သည့် သဲကျောက်ပြား။**

## ဗဟုသုတ

ဒါ့အပြင် မလိဝမ်းရွာမှာရှိတဲ့ ရေတံခွန်၊ ရေပူစမ်းနဲ့ ဘယ်နေရာက ကြည့်ကြည့်ခက်ရင်းခွသဏ္ဌာန်မြင်တွေ့ရတဲ့ ခက်ရင်းခွကျွန်း၊ ပုလုံးတုံးတုံးရွာအကြောင်းတွေအပြင် ထူးထူးခြားခြား အမည်ရှိတဲ့ ရွာတွေဖြစ်တဲ့ မောင်မယ်ရှောင်ရွာ၊ ထမင်းမစားရွာ၊ မိန်းမမြို့စတဲ့ ရွာတွေအကြောင်း၊ ယုဇနဆီအုန်းစိုက်ပျိုးမှု၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ မြိတ်မြို့သူမြို့သားတွေ အနားယူအပန်းဖြေတဲ့ မီးလောင်ချောင်း ရေတံခွန်၊ မောင်းမကန်၊ မျှော်ရစ်ဘုရား စတဲ့ အကြောင်းအရာ မျိုးစုံကို ရိုက်ကူးခဲ့တာမို့ ပရိသတ်တွေ ဗဟုသုတဖြစ်စရာ၊ စိတ်ဝင်စားစရာ အများကြီး မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

လွင်မိုး ခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့)ဆိုတဲ့ ခရီးသွားပရိုဂရမ် ရိုက်ကူးမှုမှာ လိုက်ပါသွားတဲ့ ဓာတ်ပုံပညာရှင် ဦးစိန်မျိုးမြင့်ကလည်း **"ဒီခရီးစဉ်ကို ကျွန်တော် စာအုပ်ရေးဖြစ်မှာပါ။ ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ဓာတ်ပုံ စီဒီအချပ်၄၀ လောက် ရိုက်ခဲ့ပြီး ဆလိုက်ဖလင် ၂၇လိပ်လောက်ရိုက်ခဲ့တယ်။ မရောက်ဖူးသေးတဲ့လူတွေ၊ အလွယ်တကူမမြင်တွေ့နိုင်တဲ့ ရှုခင်းတွေ၊ အကြောင်းအရာတွေ အများကြီး မြင်တွေ့ကြရမှာပါ။ မြိတ်ကျွန်းစုတွေမှာသဘာဝအလှတွေ အများကြီးရှိပါတယ်"**လို့ မြန်မာ့အလင်းသို့ ရှင်းပြပါတယ်။

## ၁၅ပိုင်း

လွင်မိုး ခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့) ဆိုတဲ့ ခရီးသွားပရိုဂရမ်ကို လာမယ့် မေလဆန်းလောက်မှာ ပြသနိုင်ဖို့ ကြိုးစားနေပြီး အားလုံးအပိုင်း ၁၅ ပိုင်း ပါဝင်ကာ တစ်ပိုင်းကို မိနစ်၄၀ကြာမှာဖြစ်ပါတယ်။ ရိုက်ကူးခဲ့တဲ့ မိနစ်ပေါင်း၇၀၀၀ ကျော်ရှိတာမို့ ဒီထဲက မိနစ် ၆၀၀ လောက်ရအောင် တည်းဖြတ်၊ ဖြည့်ဆည်းရဦးမှာဖြစ်တဲ့အကြောင်း၊ အရင်ခရီးစဉ်နဲ့မတူအောင် ကြိုးစားထားတဲ့အကြောင်း သရုပ်ဆောင် အကယ်ဒမီ လွင်မိုးက ရှင်းပြခဲ့ပါတယ်။

ဒီခရီးသွားပရိုဂရမ်ကိုသွားရောက်ရိုက်ကူးခဲ့တာဟာ အခက်အခဲမရှိ အောင်မြင်ခဲ့တဲ့အကြောင်း၊ ဒီလိုအောင်မြင်တာဟာ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေ ဝိုင်းဝန်းကူညီကြလို့ဖြစ်ကြောင်း၊ ဒီအတွက် ကျေးဇူးတင်ပါကြောင်း သရုပ်ဆောင် အကယ်ဒမီလွင်မိုးက အလေးအနက်ထားပြီး ပြောကြားသွားပါတယ်။

ဒါကြောင့် ပရိသတ်တွေစောင့်မျှော်နေတဲ့ လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့)ဆိုတဲ့ ခရီးသွား ပရိုဂရမ်ကိုမကြာမီကြည့်ရှုကြရတော့မှာဖြစ်ပါကြောင်း။ ။

**(မြန်မာ့အလင်း)**



**လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုဆီသို့) ခရီးသွားပရိုဂရမ် ရိုက်ကူးမှုမြင်ကွင်း တစ်နေရာ။**

**ရိုးရာဓလေ့တစ်ခုဖြစ်သည့် ကျားစိတ်ဝင်နေသည့်လူအား ခန္ဓာကိုယ်အနှံ့တွင် ဆေးရောင်များခြယ်ကာ ကျားကပွဲကို ဤသို့ ရိုက်ကူးခဲ့သည်။**

14-3 (09) 1 3/14/08, 1:16 AM

# ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ်လိုလားကြပါလျှင်

**ကေတုနိလာ**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုနိုင်ငံတော်အစိုးရနှင့် တစ်မျိုးသားလုံးက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်အား ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ဖော်ဆောင်ရန်အတွက် မရှိမဖြစ်လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ထို့အပြင်ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးဥပဒေကိုလည်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကော်မရှင်အဖွဲ့ခွဲများကို ဗဟိုအဆင့်မှ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အဆိုးမြင်ဝါဒဖြင့် ပုတ်ခတ်စွပ်စွဲနေကြသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတို့က ကန့်ကွက်ကြရန် ပြည်ပနယ်ချဲ့အုပ်စု၏ အသံလွှင့်ဌာနများမှတစ်ဆင့် အင်တာဗျူးကဏ္ဍများ၊ မြန်မာ့အရေး၊ကမ္ဘာ့အရေးကဏ္ဍများ၊ တိုက်ရိုက်လေလှိုင်း အစီအစဉ်များ စသည်တို့ဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။

အမျိုးသားညီလာခံစတင်ကျင်းပစဉ်က NLDပါတီ ဥက္ကဋ္ဌ ဦးအောင်ရွှေ ခေါင်းဆောင်သော NLD ပါတီ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အခြေခံမူ(၁၀၄)ချက်ကို ချမှတ်နိုင်သည် အထိ NLDပါတီမှ ပါတီကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်၍ သဘောတူပါဝင်ခဲ့ကြသည်။ ယင်းအခြေအနေ ကောင်းများကိုလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။ နိုင်ငံတော်၏ အနာဂတ်ဒီမိုကရေစီ အရှဏ်ဦးကို ပြည်သူတို့က ကြည်နူးစွာ မျှော်လင့်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် NLDပါတီက ၎င်းတို့ပါတီမှ ထုတ်ပယ်ထားသည်ဆိုသော ပါတီအထွေထွေ အတွင်းရေးမှူးဟောင်း ဒေါ်စုကြည်ကို ၁၉၉၅ခုနှစ် ဇူလိုင်လ(၁၀)ရက်တွင် တားဆီးမိန့်ရုပ်သိမ်းပေးခဲ့သည်။ ဇူလိုင်လ(၁၁)ရက်တွင် ဒေါ်စုကြည်က သတင်းစာရှင်းလင်းပွဲလုပ်ပြီး တွေ့ဆုံဆွေးနွေးမည်လား၊ အလုံးစုံပျက်သုဉ်းခံမည်လားဟု နိုင်ငံတော်အစိုးရကို ခြိမ်းခြောက်စကား ဆိုခဲ့သည်။ ဥက္ကဋ္ဌဦးအောင်ရွှေတို့ အမျိုးသားညီလာခံကို တက်ရောက်နေခြင်းနှင့် ပတ်သက်၍လည်း ၎င်းနှင့်သဘောထားချင်းမတိုက်ဆိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ယင်းနှင့်တစ်ဆက်တည်းပင် NLDပါတီသည် ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၂ရက်တွင် ယင်းတို့ကိုယ်တိုင် ပါဝင်ညှိနှိုင်း အတည်ပြုထားသည့် ပါဝင်တက်ရောက်မည့် ညီလာခံ ကိုယ်စားလှယ်အချိုးအစား သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများကို မကောင်းမြင်သဘောထားဖြင့် ဝေဖန်ပုတ်ခတ်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည့်အပြင် ညီလာခံသို့ မတက်ရောက်တော့ကြောင်း စာတစ်စောင်ကို ပေးပို့ပြီး နိုင်ငံတော်၏ ဒီမိုကရေစီအရှဏ်ဦးကို ညစ်နွမ်းအောင် ဖျက်ဆီးခဲ့ကြတော့သည်။

NLDပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ မူလဆုံးဖြတ်ချက် သဘောထားများနှင့် ရပ်တည်ချက်အရ အမျိုးသားညီလာခံတွင် တက်ရောက်နေရာမှ ပါတီအထွေထွေအတွင်းရေးမှူးဟောင်းဒေါ်စုကြည်တစ်ဦးတည်း၏သဘောထားဖြင့် အမျိုးသားညီလာခံကို စွန့်ခွာဆန့်ကျင်ကျောခိုင်းလိုက်ခြင်းကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီပါတီလော၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကပိုင် အသုံးချခံ ခါးပိုက်ဆောင်အဖွဲ့အစည်းလော ဆိုသည်မှာ စောကြောစူးစမ်းဖွယ်ရာ ဖြစ်လာတော့သည်။

မည်သို့ဆိုစေ နိုင်ငံတော်အစိုးရအနေဖြင့် ပါတီတစ်ခု၏အရေးထက် နိုင်ငံတော်အကျိုးကို ဦးစားပေးကာ ၂၀၀၄ခုနှစ် မေလ ၁၇ရက်တွင် ယာယီရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ တက်ရောက်ရန် NLDပါတီကို နိုင်ငံတော်အစိုးရက သဘောထားကြီးစွာဖိတ်ကြားခဲ့သည်။ NLDပါတီ ကလည်း ညီလာခံသို့တက်ရောက်မည်ဟု ပြောခဲ့သည်။ သို့သော်လည်း ညီလာခံကျင်းပရက်နီးကပ်လာသည့်အချိန်တွင် ညီလာခံသို့ မတက်ရောက်နိုင်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။ ယင်းနှင့်အတူ NLDပါတီ၏ ဩဇာခံ နိုင်ငံရေးပါတီများဖြစ်ကြသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီနှင့် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီတို့ကလည်း ညီလာခံသို့တက်ရောက်ရန်ပျက်ကွက်ခဲ့ကြသည်။ ထိုသို့NLDပါတီ၏ မှုမမှန်သောလုပ်ရပ်များရှိစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် အခြားနိုင်ငံရေးပါတီများ၊ ရွေးချယ်ခံကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၁၀၈၆ဦးဖြင့် အမျိုးသားညီလာခံ စတင်ကျင်းပခဲ့သည်။ **အမျိုးသားညီလာခံအား ယနေ့ကာလတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့်အပြင် ညီလာခံမှချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကိုပင် ရေးဆွဲပြီးစီးခဲ့ပြီဖြစ်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုပြဋ္ဌာန်းပြီး ၂၀၁၀ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည့်အကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။**

**အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အခိုင်အမာရပ်တည်ရေးသည် နိုင်ငံရေးပါတီအားလုံးနှင့် နိုင်ငံရေးသမားများ၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ ဒီမိုကရေစီ အခြေခံများအား မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများပေါ်တွင် လိုက်လျောညီထွေ တည်ဆောက်ရမည်ဖြစ်သည်။ ပြည်ပမှတင်သွင်းလာသော ပုံတူကူးမိတ္တူပွား ဒီမိုကရေစီ၏ သက်ရောက်မှုမှာ နိုင်ငံပြိုကွဲခြင်း၊လူမျိုးရေးပဋိပက္ခများဖြစ်ပွားခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးကြရခြင်း၊ နိုင်ငံပိုင်သယံဇာတများ ရှိပါလျက် နိုင်ငံစီးပွားကို မထူထောင်နိုင်ဘဲ နယ်ချဲ့ကိုလိုနီ လက်သစ်ဝါဒီတို့၏ ပေးစာကမ်းစာကို မှီခိုနေရခြင်းတို့သာဖြစ်သည်ကို ယနေ့ကာလတွင် အထင်အရှားတွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံနှင့် ဆီလျော်မှုမရှိသော ပုံတူကူးဒီမိုကရေစီများကို အတုယူရန် မသင့်ကြောင်း ပြည်သူအားလုံးက သဘောပေါက်နားလည်နေကြပြီ ဖြစ်သည်။**

မကြာမီ တစ်မျိုးသားလုံးက တစ်ခဲနက် အတည်ပြုတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးတို့၏ အကျိုးစီးပွားကို အခြေခံပြီး တိုင်းရင်းသားလူမျိုးများ၏ ဒီမိုကရေစီပိုင်ခွင့်ကို ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေများထက် ပိုမိုဖြည့်ဆည်းပေးထားသည်။

NLDပါတီသည် ငါမပါလျှင်ဘာမှမဖြစ်ဟူသော သက္ကာယဒိဋ္ဌိအစွဲအလမ်းကြီးမားစွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို သွယ်ဝိုက်ပျက်ကွက်ခဲ့သည်။ မိမိပျက်ကွက်ခဲ့သည့် တာဝန်အကြွေး ဝန်ထုပ်ဝန်ပိုးကို နိုင်ငံတော်အစိုးရအပေါ်ပုံချ၍ မတော်တရော် စွပ်စွဲနေခြင်းသည် သိက္ခာရှိသော နိုင်ငံရေးပါတီတစ်ခု၏ အလုပ်မဟုတ်ပေ။ ယနေ့ကာလတွင် ပြည်တွင်းရှိ NLDပါတီအပါအဝင် ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်စီးစေရန် ၎င်းတို့ဖျက်၍ မပျက်စီးဘဲ ဆက်လက်ဆောင်ရွက်ဖြစ်ပါက ကန့်ကွက်မဲပေးကြရန် လှုံ့ဆော်လျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကန့်ကွက်မဲပေးခြင်းဖြင့် မည်သို့ဖြစ်လာမည်ကို ဆင်ခြင်စဉ်းစားကြရန် လိုအပ်ပေမည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် မပြီးပြတ်သေးသော နိုင်ငံ့တာဝန်ကို ဖြစ်ပေါ်လာမည့် အခြေအနေပေါ်မူတည်၍ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ထမ်းဆောင်သွားမည်သာ ဖြစ်သည်။

ထို့ကြောင့်ပင် အမြင်မှန်ရလာခဲ့သော တစ်ချိန်ကအဆိုးမြင် အဖွဲ့အစည်းတစ်ခု၏ သဘောထားကြေညာချက်သည် မှတ်သားဖွယ်ရာ ပေါ်ထွက်လာခဲ့ပေသည်။ ယင်းအဖွဲ့အစည်းက ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်နေ့စွဲဖြင့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်ပါအကြောင်းအရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ်(၁/၂၀၀၈)ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း၊ ထိုကြေညာချက်ဖြင့် တပ်မတော်အစိုးရက ပြည်သူလူထုအား မြန်မာ့နိုင်ငံရေးကို အဆုံးအဖြတ်ပေးမည့် တရားသူကြီးအဖြစ် လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ ဆုံးဖြတ်ချက်ကို အထင်သေးပြီး ယုံကြည်လက်ခံလိုခြင်းမရှိသော၊ ဖြစ်ချင်သည့်ဆန္ဒများကိုသာ ရှေ့တန်းတင်နေကြသော ဒီမိုကရေစီအရေးခြုံအင်အားစုများက ကဖျက်ယဖျက်လုပ်နေကြောင်း၊ မစားရသည့်အမဲ သဲနှင့်ပက်ကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် (၁/၂၀၀၈)ကို ထိုးနှက် တိုက်ခိုက်နေခြင်းမှာ ပြည်သူလူထု၏ အခန်းကဏ္ဍကို စော်ကားဖျက်ဆီးခြင်းဖြစ်၍ ပြင်းထန်စွာ ရှုတ်ချလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့အားဖြင့် **မြန်မာနိုင်ငံတွင် မကြာမီဖြစ်ထွန်းလာတော့မည့် ဒီမိုကရေစီလမ်းကြောင်းသည် နိုင်ငံနှင့်လူမျိုး၏ ပကတိအကျိုးစီးပွားကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ရာ "ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ် လိုလားကြပါလျှင်" ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံဆန္ဒမဲပေးပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်မှတစ်ပါး အခြားရွေးချယ်စရာလမ်း မရှိပါ ဟူ၍ အလေးအနက် ဆိုလိုက်ရပါသည်။** ။

အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အခိုင်အမာရပ်တည်ရေးသည် နိုင်ငံရေးပါတီအားလုံးနှင့် နိုင်ငံရေးသမားများ၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ ဒီမိုကရေစီ အခြေခံများအား မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများပေါ်တွင် လိုက်လျောညီထွေ တည်ဆောက်ရမည်ဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသော ပုံတူကူးမိတ္တူပွား ဒီမိုကရေစီ၏ သက်ရောက်မှုမှာ နိုင်ငံပြိုကွဲခြင်း၊ လူမျိုးရေးပဋိပက္ခများဖြစ်ပွားခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးကြရခြင်း၊ နိုင်ငံပိုင်သယံဇာတများ ရှိပါလျက် နိုင်ငံစီးပွားကို မထူထောင်နိုင်ဘဲ နယ်ချဲ့ကိုလိုနီ လက်သစ်ဝါဒီတို့၏ ပေးစာကမ်းစာကို မှီခိုနေရခြင်းတို့သာဖြစ်သည်ကို ယနေ့ကာလတွင် အထင်အရှား တွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံနှင့် ဆီလျော်မှုမရှိသော ပုံတူကူးဒီမိုကရေစီများကို အတုယူရန် မသင့်ကြောင်း ပြည်သူအားလုံးက သဘောပေါက်နားလည်နေကြပြီ ဖြစ်သည်။

## ယူကရိန်းနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမင်းသိန်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၄

ယူကရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် မတ် ၃ရက်တွင် ကိဗ်မြို့၌ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာ ဗစ်တာ ယူရှန်ကိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ရွှေစက်တော် အရှင်သုန္ဒရ တရားပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သုန္ဒရ(ဓမ္မာစရိယ) မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့် ဓမ္မကထိက အရှင်သူမြတ်သည် ကော့သောင်းမြို့ တောင်ပေါ်ကျောင်းတိုက်ကြီးတွင် မတ် ၁၆ရက်မှ ၂၂ရက်၊ ကော့သောင်းခရိုင် ခမောက်ကြီးမြို့ တိလောကာရုံစာသင်တိုက်ကြီးတွင် မတ်၂၄ရက်မှ၂၈ရက်အထိ မိုးကုတ်ဝိပဿနာအလုပ်ပေးတရားစခန်းပွဲကြီးကို မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## လက်ပံတန်းမြို့၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အခြေခံဘာသာရပ် သင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက်ရှိ အသောကာရာမကျောင်းတိုက်တွင် ဦးစီးနာယကဆရာတော် ဦးဓမ္မပီယ ဦးစီးလျက် ဘုန်းတော်ကြီးပညာသင်ကျောင်းဖြစ်မြောက်ရေးကော်မတီက နွေရာသီ ယဉ်ကျေးမှုသင်တန်းကို မတ်၉ရက် နံနက်၉နာရီက စတင်ဖွင့်လှစ်သင်ကြားသည်။

### သင်ကြားပို့ချ

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ သင်တန်းသူ သင်တန်းသား ၂၀၀ကျော်နှင့် မိဘပြည်သူများ တက်ရောက်ကြပြီး စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ယင်းသင်တန်းကို မတ်၂၆ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

## သာသနာ့ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဝိဇာတမွေးနေ့မင်္ဂလာ ဓမ္မပူဇာသဘင်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒ၏ ဝိဇာတမွေးနေ့မင်္ဂလာအထိမ်းအမှတ် စတုတ္ထအကြိမ် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ မတ်၁၉ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ မတ်၂၀ရက်တွင် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ မတ်၂၁ရက်တွင် အရှင်အာစာရာလင်္ကာရ (နိုင်ငံတော်ကိုးဘွဲ့ရ)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ညစဉ် ၇နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သင့်သွေးဖြင့် အသက်ကယ်ပါ။

## * ရှေ့ဖုံးမှ

ဆက်လက်၍ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိ ဦးရှုအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ ရုံးဝင်းအတွင်းရှိ မဲရုံများ၌ ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မလှိုင်မြို့နယ် ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်

ရန်ကုန် မတ် ၁၃

မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က မုံကန်ကျေးရွာ သုတရတနာစာကြည့်တိုက်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သုတရတနာ စာကြည့်တိုက် အဆောက်အအုံကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထင်ကျော်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းပြီး မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာ အလှူရှင် ဦးစိုးသောင်က စာကြည့်တိုက်မှူး ဦးလှဖေထံ အလှူငွေများ လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါနေ့က အုပ်စုလုံးကျွတ်အဖြစ် ရေအိပ်ကျင်းရွာ ပညာပန်းခင်း၊ မိတ်ကုန်းကျေးရွာ ဘဝရှေ့ဆောင်နှင့် ညောင်မြင့်ကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်တို့ကိုပါ ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။ **(ဝ၈၂)**

## မီးဖိုချောင်သီးနှံ စိုက်ပျိုးထားရှိမှုအခြေအနေ

ရန်ကုန် မတ် ၁၃

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းစိုက်ခင်းအတွင်း ဝန်ထမ်းများ စုပေါင်း၍ မီးဖိုချောင်သီးနှံ စိုက်ပျိုးဆောင်ရွက်နေမှုကို မတ် ၅ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး၏ အနီးကပ် ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင်နှင့် အဖွဲ့ ဝန်ထမ်းများက ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၃

ဆကာကြီးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ်၉ရက် နံနက် ၈နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်း အတွင်းရှိ ဂန္ဓကုဋိတိုက် ခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကြည်ထူး (ညွှန်ကြားရေးမှူး၊ ထွေ/အုပ်-အငြိမ်းစား) က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသက်(၈၀)ပြည့်နှင့်အထက် သက်ကြီးဘိုးဘွား ၇၂ဦးတို့အား တစ်ဦးလျှင် ကျပ်၅၀၀၀နှုန်းဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်မှ ချီးမြှင့်သော ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်လေးဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသူ ကျောင်းသား ၂၀တို့အား ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အတွင်းရေးမှူး ဦးအေးကြူ (ဆကာကြီးအေးကြူ)တို့ ခေါင်းဆောင်ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(က-ပ)**

## (၁၆)ကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၃

ပုသိမ်မြို့ ဝေဠုဝန်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဂျပန်သာသနာပြု ဘဒ္ဒန္တနာဂဝံသဆု (၁၆)ကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်တွင် ပုသိမ်မြို့ အမှတ်(၄) အထကကျောင်း၌ ကျင်းပသည်။

### ချီးမြှင့်

ဆုချီးမြှင့်ပွဲတွင် ၂၀၀၇ခုနှစ် မြန်မာတစ်နိုင်ငံလုံး သာသနာတော်ဆိုင်ရာ အဂ္ဂမဟာကျော်ပထမရရှိသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဓမ္မသမ္မိဒ္ဒိ ကျောင်း မစိုးရိမ်တိုက်သစ်မှ အရှင်အဂ္ဂသီလ၊ မြန်မာတစ်နိုင်ငံလုံး ပထမကျော် ပထမရရှိသော မန္တလေးတိုင်း စည်ရှင်ကျောင်း မဟာဝိသုဒ္ဓါရုံ တိုက်သစ်မှ အရှင်ကိုန္ဒကဝိသဋ္ဌာလလင်္ကာရအရှင်မြတ်နှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဧရာဝတီတိုင်း (သိပ္ပံ)ပထမရရှိသော ပုသိမ်မြို့ အထက(၆)မှ မဝတ်ရည်နန္ဒာမောင်၊ (ဝိဇ္ဇာတွဲ) ပထမရရှိသော မြောင်းမြမြို့ အထက(၄)မှ မောင်ကျော်ဇင်ဝင်း၊ ပုသိမ်ခရိုင် (ဝိဇ္ဇာတွဲ) ပထမရရှိသော ကျုံပျော်မြို့နယ် သောင်ကြီးအထကမှ မောင်ဝင်းမြတ်သူ၊ ပုသိမ်မြို့နယ် (ဝိဇ္ဇာတွဲ) ပထမရရှိသူ ပုသိမ်မြို့ ပြင်ပစာဖြေ မစုစုခိုင်၊ မြောင်းမြမြို့နယ် (သိပ္ပံတွဲ) ပထမရရှိသူ မြောင်းမြမြို့ အမှတ်(၁) အထကမှ မဆုမျက်သွယ်၊ ပုသိမ်မြို့ အထက(၄) ကျောင်း၌ ပထမရရှိသော (သိပ္ပံတွဲ) မသက်သက်အောင်၊ (ဝိဇ္ဇာတွဲ) ပထမရရှိသော မအေးအေးမိုး၊ မြောင်းမြမြို့နယ် ကွမ်းခြံကြီးတွဲအထကမှ (သိပ္ပံတွဲ) ပထမရရှိသူ မရည်မွန်အောင်၊ (ဝိဇ္ဇာတွဲ) ပထမရရှိသူ မဇင်မာဦးတို့အား ပုသိမ်တက္ကသိုလ်ကျောင်းအုပ်ကြီးပါမောက္ခချုပ် ဦးလှတင့်၊ ဧရာဝတီတိုင်း ပညာရေးမှူး ဦးခင်မောင်ရီ၊ ဂျပန်သာသနာပြု ဘဒ္ဒန္တနာဂဝံသဆု ထိန်းသိမ်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြတ်လင်း၊ အတွင်းရေးမှူး အထက(၄) ကျောင်းအုပ်ဆရာကြီး ဦးလှသန်း၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်းတို့က ဂျပန်သာသနာပြု ဘဒ္ဒန္တနာဂဘိဝံသဆုများ အသီးသီး ချီးမြှင့်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကသာမြို့၌ လမ်းတိုးချဲ့ရန် ကျောက်များစုဆောင်း

ရန်ကုန် မတ် ၁၃

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၁၄၀၀ x ၁၂ပေရှိသည့် တပ်မတော်လမ်းတိုးချဲ့ခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု အခြေအနေအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို မှ စစ်ဆေးရာ ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့က ရှင်းလင်းတင်ပြသည်။ **(မြို့နယ် စည်ပင်)**

## ရွှေစက်တော်ဘုရားပွဲမှအပြန် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် မတ် ၁၃

မတ် ၁၂ရက် နံနက်၁၀နာရီခန့်က ရွှေစက်တော်ဘုရားပွဲမှ မကွေးတိုင်း စလင်းမြို့ လင်းဇင်းကျေးရွာသို့ ပြန်လာသည့် ယာဉ်မောင်း စိုးသူထွေး(၁၉နှစ်) (ဘ)ဦးထင်ကျော် မောင်းနှင်သော ကာဂို (ခြောက်ဘီး) ယာဉ်အမှတ် ၈ျ/၁၄၄၁ သည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၁၂၆/၄ ခုံးဆင်းအရောက်တွင် ဘရိတ်ပေါက်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် ၇၂ဦး အနက် ၄၉ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး အပါအဝင် စုစုပေါင်းကိုးဦး သေဆုံးခဲ့သည်။

### အရေးယူ

ဒဏ်ရာရရှိသူများအား မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် မကွေးပြည်သူ့ဆေးရုံတို့သို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ယာဉ်မောင်း စိုးသူထွေးအား စကုရဲစခန်းတွင် အမှုဖွင့်အရေးယူထားသည်။ **(သတင်းစဉ်)**

## ဂျပန်-မြန်မာ အသိအမှတ်ပြု ITPEC စာမေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ Information-Technology Promotion Agency(IPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)တို့ ပူးပေါင်းကျင်းပမည့် ဂျပန်-မြန်မာ အပြန်အလှန် အသိအမှတ်ပြု (Japan-Myanmar Cross Certification-ITPEC Exam) စာမေးပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့)တွင် Myanmar Info-Tech ၌ ကျင်းပမည်ဖြစ်သည်။

### တက်ရောက်နိုင်

ITPEC စာမေးပွဲ၏ အနီးကပ်သင်တန်းကို မတ် ၁၈ရက်မှ စတင်၍ မတ် ၃၁ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းကြေး အခမဲ့ဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Centerတွင် တက်ရောက်နိုင်ကြောင်း သိရသည်။ စိတ်ဝင်စားသူများအနေဖြင့် ဝင်ရောက်ဖြေဆိုနိုင်ရန် လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇နှင့် ၇၀၇၅၀၃သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်သည်။ လျှောက်လွှာများကို မတ် ၃၁ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ ၎င်း ITPEC စာမေးပွဲများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့တို့၌လည်း ဧပြီ၆ရက်တွင် တစ်ပြိုင်တည်းစစ်ဆေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဇိဂုဏ်ဓာတ်စေတီတော် ဆဋ္ဌမအကြိမ် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၃

**ရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဇိဂုဏ်ဓာတ်စေတီတော် ဆဋ္ဌမအကြိမ် ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း မင်္ဂလာအခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်ရင်ပြင် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့ တက်ရောက်ကြည်ညိုကြသည်။**

ရွှေထီးတော်တင် အလှူတော် မင်္ဂလာအခမ်းအနားသို့ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဃောသိတာရမ္ဘ အမှူးပြုသော ပင့်သံဃာတော် ၂၇ပါး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်**

အစီအစဉ်အရ မင်္ဂလာအချိန်တွင် အလှူရှင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးဒေါ်ဝင်းဝင်းနု၊ စေပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမောင်ဝိတ် မိသားစုတို့က သီလဝိသောဓနီ သိမ်တော်ကြီးအတွင်းရှိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဆရာတော်၊ သံဃာတော်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တဃောသိတာရမ္ဘထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘသိန်းက မင်္ဂလာအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**ပရိတ်တော်ရွတ်**

ယင်းနောက် ဆရာတော်၊ သံဃာတော်တို့က မေတ္တာသုတ်အစရှိသော ပရိတ်တော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဝန်ကြီးနှင့်ဇနီး၊ **(အပေါ်ပုံ)** အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်အားရည်မှန်း၍ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**တင်လှူ**

ဆက်လက်၍ ရွှေထီးတော် တင်လှူပူဇော်ပွဲမင်္ဂလာ ဒုတိယပိုင်းကို စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ စိန်ဖူးတော်အား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လည်းကောင်း၊ ဘုရားရွှေကြာသင်္ကန်းကို ဝန်ကြီး၏ဇနီးကလည်းကောင်း၊ တာဝန်ရှိသူများက ငှက်မြတ်နားတော်၊ ရွှေဆည်းလည်း ပဒေသာ၊ ရွှေစွန်းဘုံများ၊ ဆပ်သွားဖူးနှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ကြကာ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ပြီး မင်္ဂလာအခါတော်အချိန်တွင် အလှူရှင်များနှင့် ဘုရားဂေါပက အဖွဲ့ဝင်များက ပန်းရထားကြိုးဆွဲ၍ တင်လှူပူဇော်ကြသည်။ ထို့နောက် ဆရာတော် ဘဒ္ဒန္တဃောသိတာရမ္ဘ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဇိဂုဏ်ဓာတ်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ပင့်သံဃာတော် ၂၇ပါးတို့အား ဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများက သပိတ်၊ သင်္ကန်း၊ ထီး၊ ယပ်၊ ဖိနပ် အစရှိသည့် လှူဖွယ်ပစ္စည်း ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မင်းပြားမြို့ ရတနာမွန်ကျောင်းဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမထံမှ ဝန်ကြီးနှင့်ဇနီး၊ ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး( ၂၅၉၆ )နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၃

**ရွှေတိဂုံစေတီတော်မြတ်ကြီး (၂၅၉၆)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယမန်နေ့နံနက် ၉နာရီက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက နှစ်ကိုယ် ရှစ်ဆူနှင့် ပန်းပေါင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

**ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ အောင်မြေဘုံစံ ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဂေါပကအဖွဲ့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် မတ် ၁၂ရက်မှ ၂၁ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ ၂၀ရက် ညနေပိုင်းတွင်

**ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၆)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ ၂၁ရက် (တပေါင်းလပြည့်နေ့) နံနက် အရုဏ်၌ ဆွမ်းတော်ကြီးတင် ဆက်ကပ်လှူဒါန်းခြင်းနှင့် နံနက် ၉နာရီခွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားနာကြားခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ် ဖားကန့်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (ဆက်သွယ်ရေး)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၃**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ်၁၀ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ဖားကန့်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုးညှင်းမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းရှိ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ အင်ဂျင်နီယာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာဆရာတော် ဂွမြို့ အထူးတရားစခန်းပွဲ

**ရန်ကုန် မတ် ၁၃**

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း ပဓာနနာယက မိတ္ထီလာဆရာတော်အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယသည် ရခိုင်ပြည်နယ် ဂွမြို့ သိမ်ကုန်းစေတီအနီး မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ်(၂၀၆)၌ တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၆ရက်(မတ် ၂၁ရက်မှ ၂၇ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၃-၂၀၀၈(သောကြာနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | အစွမ်းထက်မြက်သော ဂါထာတော်များ [ဆရာတော်အရှင်ကဥ္စနော ဘာသ(မုဒ္ဒော-ကလေးဝ)] |
| ၈း၀၅ - ၂း၀၅ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ တရားရှုမှတ်ခြင်းများ |
| ၈း၁၅ - ၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ - ၂း၂၀ | Myanmar Video Rhythm |
| ၈း၄၅ - ၂း၄၅ | လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ် |
| ၉း၀၀ - ၃း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၁) [နေပြည်တော်တပ်ကုန်း] |
| ၉း၃၅ - ၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ - ၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ - ၃း၄၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၅၅ - ၃း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ - ၄း၀၀ | ဖူးစာဖက်တို့ ဆုံစည်းဖို့ရာ အလှဆုံးအချိန် အပြီးမျက်နှာ |
| ၁၀း၁၀ - ၄း၁၀ | Art Vision Beauty of Bouga-invillea |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅ - ၄း၃၅ | စိုက်ပျိုးဝေဆာ တို့မြေမှာ အပင်တစ်သျှူးမျိုးပွားနည်းများ |
| ၁၁း၀၀ - ၅း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ(ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၃၀ - ၅း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ - ၅း၃၅ | လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား |
| ၁၁း၅၅ - ၅း၅၅ | လောကီလောကုတ္တရာ နှစ်ဖြာ အောင်မြင် အာယုဒီဃပျိုးဥယျာဉ် |
| ၁၂း၃၀ - ၆း၃၀ | တေးဂီတအစီအဉ် |
| ၁၂း၃၅ - ၆း၃၅ | VJ Choice |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် Horizon League ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ တူရကီနိုင်ငံသို့ သွားရောက်၍ လက်ရည်စမ်းပွဲယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – ကိုကိုစိုးညွန့်
စာမျက်နှာဖွဲ့စည်းမှု – ကြည်ဝင်း

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် Horizon Int'l Education Centre တို့ ပူးပေါင်း၍ ၂၀၀၇-၂၀၀၈ရာသီ Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံ တွင် အပတ်စဉ် ကျင်းပလျက်ရှိသည်။

**"ပဏာမ လက်ရွေးစင် ကစားသမားများကို စနစ်တကျ ဆက်လက်ပြုစု ပျိုးထောင်သွားရမယ်"**

ဆရာမစ္စတာ အိုးမား

ယင်းဘတ်စကက်ဘော အမှတ်ပေး ပြိုင်ပွဲမှာ မြန်မာ့ဘတ်စကက်ဘော လောကတွင် ပထမဦးဆုံး ကျင်းပ သော ပြိုင်ပွဲဖြစ်ပြီး မြန်မာ့ဘတ်စကက်ဘောအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ် ကျင်းပနေခြင်းလည်း ဖြစ်သည်။

### နိုင်ငံတကာ ပြိုင်ပွဲများသို့

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်သည် နိုင်ငံတကာ ပြိုင်ပွဲများသို့ ဝင်ရောက်မယှဉ်ပြိုင်နိုင်သည်မှာ ဆယ်စုနှစ် တစ်ခုနီးပါးရှိနေပြီ ဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများသို့ တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်တွင်း ပြိုင်ပွဲများကို အဆင့်မြှင့်တင်ရန် ပြိုင်ပွဲများ ဆက်တိုက် ကျင်းပလာရန်နှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာရန် ရည်ရွယ်၍ Horizon Int'l Education Centre မှ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ယခုပြိုင်ပွဲကို ကျင်းပပေးနေခြင်းလည်း ဖြစ်သည်။

### တိုးတက်မြင့်မားရန်

Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်သည်။ Horizon Int'l Education Centre သည် ဘတ်စကက်ဘော အားကစားနည်းသာမက အခြား အားကစားအဖွဲ့ချုပ်များနှင့်လည်းပူးပေါင်း၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ယခုကျင်းပလျက်ရှိသည့် Horizon အမှတ်ပေးပြိုင်ပွဲမှနေ၍ League ပဏာမလက်ရွေးစင်များကို ရွေးချယ်ထားပြီး မေလ နောက်ဆုံးပတ်နှင့် ဇွန်လပထမပတ်တို့တွင် Horizon Int'l Education Centre မှ ကမကထပြုပြီး ဘတ်စကက်ဘောအသင်း ဖွဲ့စည်းကာ တူရကီနိုင်ငံသို့သွားရောက်၍ လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

Horizon League ဘတ်စကက်ဘောပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်များကို ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် စတင်ကျင်းပခဲ့ပြီး အမျိုးသား ၁၇သင်း၊ အမျိုးသမီး ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ကျင်းပသော နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ အမျိုးသား ၁၂သင်း၊ အမျိုးသမီး လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီး ပတ်လည်စနစ်ဖြင့်ကစားနေကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည် ဖြစ်သည်။ ပြိုင်ပွဲကို မေလအထိ ကျင်းပမည် ဖြစ်သည်။

**"ဘတ်စကက်ဘော အားကစား အဆင့်အတန်း တိုးတက်မြင့်မား လာစေရန် ဆောင်ရွက်လျက်ရှိ ပါတယ်"**

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသက်လွင်

### လေ့ကျင့်ပေး

မြန်မာ့ ဘတ်စကက်ဘော အားကစား အဆင့်အတန်းတိုးတက်မြင့်မား လာစေရန် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်ပေးနေသော Horizon Int'l Education Center မှ အားကစားဆရာ မစ္စတာ အိုးမားနှင့် မားမာန်တို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။ "မိမိတို့ကျောင်းအနေဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ မြန်မာ့ဘတ်စကက်ဘော အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ပေးနေပါကြောင်း၊ ယခု Horizon League ဘတ်စကက်ဘော ပြိုင်ပွဲကို ကျင်းပပေးနေရုံ သာမက ယင်းပြိုင်ပွဲတွင် လက်စွမ်းပြနေသည့် ကစားသမားများကိုလည်း League ပဏာမ လက်ရွေးစင်အဖြစ် ရွေးချယ်ထားကြောင်း၊ ထိုကစားသမားများကို တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် လေ့ကျင့်ပေးနေကြောင်း၊ ထိုကစားသမားများကို အသင်းတစ်သင်း ဖွဲ့စည်း၍ တူရကီနိုင်ငံသို့သွားရောက်ပြီး လက်ရည်စမ်းပွဲများ ကစားရန် စီစဉ်ထားပါကြောင်း၊ ယင်းပဏာမလက်ရွေးစင် ကစားသမားများကို လေ့ကျင့်ပေးရန် တူရကီနိုင်ငံမှ ပရော်ဖက်ရှင်နယ် ဘတ်စကက်ဘော နည်းပြဆရာမှာ မကြာမီ ရောက်ရှိလာမည် ဖြစ်ကြောင်း။

### လက်ရည်တက်လာ

ယခုကဲ့သို့ မိမိတို့ဆောင်ရွက်နေသည်များကို အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ ပံ့ပိုးကူညီပေးနေပါကြောင်း၊ ယခု ဘတ်စကတ်ဘော အမှတ်ပေးပြိုင်ပွဲ ကျင်းပနေ၍ လူငယ်ကစားသမားများအတွက် အခွင့်အရေးများစွာ ရရှိစေပါကြောင်း၊ ပြိုင်ပွဲများများ ကစားရခြင်းကြောင့် လူငယ်ကစားသမားများ ပွဲအတွေ့အကြုံများစွာရရှိပြီးတိုးတက်မှုများရှိလာကြောင်း၊ ပြိုင်ပွဲကျင်းပတာ ရှစ်လနီးပါးရှိလာ၍ ပြိုင်ပွဲဝင်အသင်းများမှာ တစ်ပွဲထက်တစ်ပွဲ လက်ရည်တက်လာပြီး ပွဲစဉ်တိုင်း အကြိတ်အနယ်ဖြစ်လာသည်ကိုလည်း တွေ့ရကြောင်း၊ ထိုသို့ ဖြစ်လာရခြင်းမှာ အောင်မြင်မှု တစ်ခုဟု ဆိုနိုင်ပါကြောင်း၊ မိမိတို့ ကျောင်းအနေနှင့် Street Ball ပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိကြောင်း၊ မိမိတို့ကျောင်းအနေဖြင့် ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့်သာမက ကျွမ်းဘားအဖွဲ့ချုပ်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင်ဘောလုံးအဖွဲ့ချုပ်၊ ဂျူဒိုအဖွဲ့ချုပ်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များ ရှိပါကြောင်း၊ Horizon စာသင်

**"မြန်မာ့လက်ရွေးစင် အသင်းများကို အထောက်အကူပြုရန် အတွက် ဖြစ်ပါတယ်"**

ဆရာ မားမာန်

ကျောင်းကနေ Horizon အားကစား အကယ်ဒမီ ဖွင့်လှစ်သွားရန်အတွက်လည်း အစီအစဉ်များ ရှိပါကြောင်း၊ ထိုသို့ ဖွင့်လှစ်ရန်စီစဉ်ရခြင်းမှာလည်း မြန်မာ့လက်ရွေးစင် အသင်းများကို အထောက်အကူပြုရန်အတွက် ဖြစ်ပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

### ပြည်ပအတွေ့အကြုံ

ဆက်လက်၍ မစ္စတာအိုးမားက မြန်မာ့ဘတ်စကက်ဘော ကစားသမားများနှင့်ပတ်သက်၍ ပြောကြားရာတွင် "မြန်မာကစားသမားများမှာ ပင်ကိုပါရမီကောင်းကြပါကြောင်း၊ သို့သော်နည်းစနစ်နှင့်ပေါင်းပြီး လေ့ကျင့်ရာတွင် အားနည်းနေသေးကြောင်း၊ ထို့ပြင် စိတ်လှုပ်ရှားလွယ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာပွဲများ ကစားရာတွင်လည်း အတွေ့အကြုံများစွာ ရှိရန်လိုအပ်ကြောင်း၊ တူရကီနိုင်ငံသို့ သွားရောက် လက်ရည်စမ်းမည့် အစီအစဉ်မှာ ပြည်ပအတွေ့အကြုံရရန် ပထမဦးဆုံးခြေလှမ်းဖြစ်ပါကြောင်း၊ တူရကီနိုင်ငံတွင် ဘတ်စကက်ဘောကို တွင်ကျယ်စွာ ကစားနေကြပြီဖြစ်ကြောင်း၊ ယခု ရွေးချယ်ထားသော League ပဏာမလက်ရွေးစင် ကစားသမားများကို စနစ်တကျ ဆက်လက်ပြုစု ပျိုးထောင်သွားရင် နောင် သုံး၊ လေး၊ ငါးနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် လက်ရွေးစင် ကစားသမားများ ဖြစ်လာမှာ သေချာပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

### အဓိကရည်မှန်းချက်

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသက်လွင်က "၁၉၉၆၊ ၁၉၉၇ ခုနှစ်လောက်တွင် မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောအသင်းဆိုတာ မရှိတော့ဘဲ နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင် နိုင်တော့ခြင်းလဲမရှိခဲ့ကြောင်း၊ မိမိတို့ အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ ပြိုင်ပွဲများကို ဝင်ရောက် ယှဉ်ပြိုင်နိုင်ပြီး ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ အဓိကရည်မှန်းချက်မှာ ၂၀၀၉ လာအိုဆီးဂိမ်းကို ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်ပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ Horizon League ပြိုင်ပွဲကို ငွေကြေးပိုင်းရော စီမံမှုအပိုင်းပါ ကူညီဆောင်ရွက်ပေးနေသည့် Horizon ကျောင်းကိုလဲ ကျေးဇူးတင်ပါကြောင်း၊ ကစားသမားများမှာ ပွဲများများကစားရခြင်းကြောင့် လက်ရည်များတက်လာကြောင်း၊ Filipino အသင်းနှင့် Furious အသင်းတို့ ကစားသည့်ပွဲတွင် လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် Furious က ၎င်းတို့ထက် အစစအရာရာ သာလွန်သည့် Filipino ကို အနိုင်ယူနိုင်ခဲ့ကြောင်း၊ ဤသည်မှာ ကောင်းသောလက္ခဏာပင်ဖြစ်ပါကြောင်း"ဖြင့် ပြောကြားသည်။

Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် Furious အသင်းမှ နေမျိုးမင်းက "မိမိအနေဖြင့် အမှတ်ပေးပြိုင်ပွဲကို ပထမဦးဆုံး ယှဉ်ပြိုင်ဖူးခြင်းဖြစ်ကြောင်း၊ ယခင်က တစ်နှစ်လျှင် ပြိုင်ပွဲ သုံးပွဲမျှသာ ကစားခဲ့ရသော်လဲ အခုပြိုင်ပွဲများ ဆက်တိုက် ကစားနေရ၍ လက်ရည်များ မှန်လာကြောင်း"ဖြင့် ပြောကြားသည်။

The Gyuts အသင်းမှ ဆက်မွန်မင်းကလည်း "ပွဲများ ဆက်တိုက်ကစားရ၍ မိမိသာမက ကစားသမားအားလုံးပါ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းအောင်ကစားလာနိုင်ကြောင်း၊ ယုံကြည်မှုရှိလာပြီး ပိုကြိုးစားချင်လာကြောင်း၊ မြန်မာ့လက်ရွေးစင် ဖြစ်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း"ဖြင့် ပြောကြားသွားပေသည်။ ။ **(မြန်မာ့အလင်း)**

---

## မြန်မာ့အလင်း မှုခင်းသတင်းများ

### ယာဉ်ပေါ်မှ လန့်ပြီးခုန်ချသဖြင့် ဒဏ်ရာရရှိ

ရန်ကုန် မတ် ၁၃

သန်လျင်မြို့နယ် ကျိုက်ခေါက် ဘုရားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း နေမျိုး (၂၈နှစ်) (ဘ)ဦးဆန်းဌေး မ/၁၄၆ ဇေယျာ ၂လမ်း စံချိန်မှီရပ်ကွက် ကျောက်တန်းနေသူ မောင်းနှင်လာသော ဘ/၈၇၄၉ ကျောက်တန်း–ရန်ကုန် ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်သည် မတ် ၉ရက် ညနေ ၃ နာရီ မိနစ် ၅၀က နံ့သာကုန်းလမ်းထိပ်အရောက် ဂတ်စ်အိုးပိုက်ပြတ်၍ ပေါက်ကွဲသည့်အသံကြောင့် ယာဉ်နောက်တွင် တွယ်စီးလာသော မြင့်စန်းအသက်(၃၀)(ဘ)ဦးမြဝင်း အမှတ်မရှိ အောင်မေတ္တာ ၁လမ်း ဘုရားငါးဆူရပ်ကွက် သန်လျင်မြို့နယ်နှင့် ဇော်မင်းထွန်း (၂၇နှစ်) (ဘ)ဦးမောင်ထွန်း အမှတ်၂၈ ပုသိမ်ညွန့် ၉လမ်း ပုသိမ်ညွန့်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူတို့နှစ်ဦးမှာ လန့်၍ ယာဉ်ပေါ်မှ ခုန်ချခဲ့ရာမှ ဒဏ်ရာအသီးသီးရရှိကာ သန်လျင်ဆေးရုံတွင် ပြင်ပလူနာအဖြစ်ကုသ၍ ယာဉ်မောင်း နေမျိုးအား သန်လျင်ရဲစခန်းမှ (ပ)၂၂၇/၀၈ ပုဒ်မ ၃၃၈ဖြင့် အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိသည်။ (သတင်းစဉ်)

### စက်ရုံသုံးပစ္စည်းများ ခိုးယူစဉ်ဖမ်းမိ

ရန်ကုန် မတ် ၁၃

တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်း မ/၆၀နေ ဦးအေးဝင်းသည် မတ်၉ရက် နံနက် ၅နာရီခွဲက ခြံဝင်းအတွင်း လူရိပ်တွေ့၍ ဆင်းကြည့်ရာ ခြံဝင်းရှိ သံနန်းဆွဲစက်ရုံမှ သံထည်ပစ္စည်းမျိုးစုံ ၁၀ ပိဿာခန့်အား အလုပ်သမား မြင့်ကျော်ထွေးက ပီနန်အိတ်ဖြင့်ထည့်လျက် ခိုးယူနေစဉ် ဖမ်းမိခဲ့သည်။ ယခင်ကလည်း စက်ရုံအတွင်းမှ ရိုလာဆိုက်စုံခုနစ်လုံးနှင့် သံတိုသံစများ စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း၂၀ခန့်အား ခိုးယူခဲ့ကြောင်း သိရ၍ တောင်ဥက္ကလာပ ရဲစခန်းမှ (ပ)၂၀၄/၀၈ ပုဒ်မ ၃၈၁ဖြင့် အရေးယူစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

### ဖျာပုံ၌ ဆိုင်ကယ်နှင့် ဆိုက်ကားတိုက်မိ

ဖျာပုံ မတ် ၁၃

ဖျာပုံမြို့ပေါ်တွင် ဆိုင်ကယ်နှင့်ဆိုက်ကား တိုက်မိရာမှ ဆိုက်ကားမောင်းနှင်သူ သေဆုံး၍ ဆိုင်ကယ်မောင်းသူ မျိုးမင်း(၂၇နှစ်)အား ဖျာပုံရဲစခန်းက (ပ) ၄၉/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ ဖမ်းဆီးအရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၈ရက် ည၁၀နာရီခန့်က မခင်ဝင်း အိမ်တွင်ရှိနေစဉ် ခင်ပွန်းဖြစ်သူ မောင်ဌေးလှိုင်၏ ဆိုက်ကားနှင့်ဆိုင်ကယ်အတိုက်ခံရ၍ ဆေးရုံသို့ ရောက်ရှိနေကြောင်း သိရှိရ၍ ဆေးရုံသို့သွားရောက်ကြည့်ရှု မေးမြန်းရာ ည၉နာရီ အချိန်ခန့်က ဖျာပုံမြို့ (၅)ရပ်ကွက် ရေဝတီသင်္ဘောဆိပ်ဘက်မှ ဒုတိယလမ်းကိုဖြတ်၍ မဟာဗန္ဓုလလမ်းအတိုင်း ဆိုက်ကားနင်းလာစဉ် အမာမြို့နယ် ကဒုံကနီကျေးရွာနေ မောင်မျိုးမင်း(၂၇နှစ်)သည် ရန်ကုန်မြို့ ယုဇနမြို့တော်နေ မဝင်းဝင်းမော် (၃၁နှစ်)အား ဆိုင်ကယ်နောက်တွင် တင်ဆောင်၍ ဒုတိယလမ်းအတိုင်း တောင်ဘက်မှမြောက်ဘက်သို့ မောင်းနှင်လာသည့် (Kenbo -125 CX)အမျိုးအစား ကျောက်စိမ်းရောင် ဆိုင်ကယ်မှ ဒုတိယလမ်းပေါ်တွင် ဝင်ရောက်တိုက်မိ၍ ခင်ပွန်းဖြစ်သူ မောင်ဌေးလှိုင်တွင် ယာဘက်နားအတွင်းမှ သွေးထွက်ဒဏ်ရာ၊ ဝဲဘက်နားထင်တွင် ဖူးရောင်နာကျင်ဒဏ်ရာတစ်ချက်ရရှိထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ခင်ပွန်းဖြစ်သူ မောင်ဌေးလှိုင်အား ဒဏ်ရာများရရှိအောင် ဆိုင်ကယ်ဖြင့်ဝင်တိုက်သူ မျိုးမင်းအား အရေးယူပေးပါရန်တိုင်ကြားသဖြင့် ဖျာပုံရဲစခန်းက (ပ)၄၉/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉/၃၃၇ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးနေစဉ် ဆိုင်ကယ်အတိုက်ခံရသူ မောင်ဌေးလှိုင်မှာ ရရှိသောဒဏ်ရာဖြင့် မတ်၉ရက်က ဖျာပုံဆေးရုံတွင် သေဆုံးသွားကြောင်းသိရ၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)အရ ပြောင်းလဲ စစ်ဆေးလျက်ရှိသည်။ (၁၃၈)

### စက်တပ်သမ္ပန် တိမ်းမှောက်

ရန်ကုန် မတ် ၁၃

ဒလမြို့နယ် ကမာကဆစ် ရပ်ကွက်နေ ကျော်ဌေးမောင်းနှင်သည့် ဇာနည်အောင်–၂အမည်ရှိ စက်တပ်သမ္ပန်သည် မတ် ၇ရက် နံနက်၁၀နာရီ ၄၅မိနစ်က ဘဲဥသေတ္တာ ၁၀လုံးနှင့် ခရီးသည်တစ်ဦးတင်ဆောင်ပြီး ရန်ကုန်မှ ဒလဘက်သို့ ထွက်ခွာလာစဉ်ရေစီးအားကြောင့် ရေဝဲစုပ်သဖြင့် တိမ်းမှောက်သွားရာ ခရီးသည် ဦးခင်အေး၊ ဘဲဥသေတ္တာသုံးလုံးနှင့် စက်တပ်သမ္ပန်တို့အား ပြန်လည်ဆယ်ယူရရှိခဲ့သည်။ စက်တပ်သမ္ပန် တိမ်းမှောက်မှုကြောင့် ငွေကျပ် လေးသိန်းဖိုးခန့်ပျက်စီးဆုံးရှုံး ခဲ့ကြောင်းနှင့် သမ္ပန်မောင်းနှင်သူ ကျော်ဌေးအား ဆိပ်ကမ်းရဲစခန်းမှ (ပ)၄၆/၀၈ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၀ဖြင့် အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

### လင်မယားချင်းစကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်

ရန်ကုန် မတ် ၁၃

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာ၁၉လမ်းတွင် မတ် ၁၁ရက် ညနေ၅နာရီ၌ မသန်းသန်းဌေး(၃၁နှစ်)ထံသို့ တရားမဝင် လင်မယားကွဲကွာထားသူ အိန္ဒြာ(၄)လမ်း (ဓ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ထိန်ဝင်း(ခ)ဝင်းထိန်(၃၁နှစ်)ရောက်ရှိလာပြီး ပြန်လည်ပေါင်းသင်းရန်ပြောရာမှ စကားများရန်ဖြစ်စဉ် ထိန်ဝင်း(ခ)ဝင်းထိန်က အုန်းပင်တက်ရာတွင် အသုံးပြုသည့် အရှည်တစ်တောင်ခန့်ရှိ ဓားဖြင့် မသန်းသန်းဌေး၏ ဝမ်းဗိုက်သို့ထိုးခဲ့ပြီး သူ့ကိုယ်သူလည်း နှစ်ချက်ပြန်ထိုးခဲ့သည်။ ယင်းနောက် ၎င်းတို့နှစ်ဦးစလုံး သတိလစ်မေ့မြောသွားသဖြင့် မသန်းသန်းဌေး၏ တူမဖြစ်သူ မမြင့်မြင့်ဦးက မြောက်ဥက္ကလာပဆေးရုံသို့တင်ပို့ပေးခဲ့သည်။ ဆေးရုံအရောက်တွင် မသန်းသန်းဌေးမှာ သေဆုံးခဲ့ပြီး ထိန်ဝင်း(ခ)ဝင်းထိန်အား အတွင်းလူနာအဖြစ် ကုသထားရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြောက်ဥက္ကလာပရဲစခန်းမှ ထိန်ဝင်း(ခ)ဝင်းထိန်အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ၃၀၂၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၉တို့ဖြင့် အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

14-3 (13) 1 3/14/08, 1:16 AM

# ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်၌ နွေစပါးစိုက်ပျိုး

သီပေါ မတ် ၇

**၂၀၀၇-၂၀၀၈ခုနှစ် နွေစပါးစိုက်ပျိုးပွဲကို သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာ လယ်သမားကြီး လုံးဆန်စိုင်း၏ လယ်မြေတွင် မတ်၅ရက်က ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ် တက်ရောက် ကြည့်ရှုအားပေး သည်။(အောက်ပုံ)**

နွေစပါးစိုက်ပျိုးပွဲသို့ ကျောက်မဲ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဘဝင်းနှင့် ခရိုင် အဆင့်ဌာနဆိုင်ရာများ၊ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစိုင်းစိန် လင်းနှင့် အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တောင်သူ လယ်သမားများနှင့် မန်ဟဲ၊ တွန်းတီး၊ နားခဲကျေးရွာများမှ ကောက်စိုက်သမ များ တက်ရောက်ကြပြီး ကောက်စိုက် ပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက်တိုင်းမှူးအား မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ တို့က နွေစပါးစိုက်ပျိုးမှု အခြေအနေ များကိုရှင်းလင်းတင်ပြကြပြီးတိုင်းမှူးက ကောက်စိုက်အဖွဲ့ဝင်များအား ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကင်းမြို့နယ် တိုက်လေးလုံး၊ အခန်း ၈၊ အမှတ်၂၃၉နေ ဦးဝေဇင်ဦး-ဒေါ်ဆုဆုကျော်၊ သမီး မသီရိ မြတ်ဆုသွယ် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေး ပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေး ရှင်း အတွင်းလှူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ် ရေးမှူးဦးပြုံး လက်ခံယူစဉ်။(က-ပ)

ပဲခူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဖောက်လုပ်ပြီးစီးသော အရှည် နှစ်မိုင်လေးဖာလုံ၊ အကျယ် ပေ၃၀ရှိ ကျိုက်ပေါ-မဲဇလီမြောင်-မရမ်းကြော ကျေးရွာချင်းဆက် မြေသားလမ်းအား ဇန်နဝါရီ၂၀ရက်က ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေး ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြ စဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း နမ့်ခမ်း-နမ့်ဟွမ် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ကျိုင်းတုံ၌ မြို့သန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်များ သိမ်းဆည်းမှုနှင့် စွန့်ပစ်မှု စနစ်တကျ ရှိစေရေးအတွက်ဖေဖော်ဝါရီ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့လက်ထောက် ညွှန်ကြားရေးမှူးဦးအောင်ဌေးကြွယ်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် အထက၌ ကျင်းပသော ပညာရေး ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၃ရက်က ကျင်းပရာ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၉၄၃၀၀၀ကို ကျောင်းအကျိုးတော် ဆောင် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှထံ လွှဲပြောင်းပေးအပ်စဉ်။ (က-ပ)

# ပြင်ဦးလွင်ဆေးရုံကြီးအတွက် အောက်ဆီဂျင်စက်လှူဒါန်း

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီး တွင် ငွေကျပ် ၈၂၅၀၀၀တန်ဖိုးရှိ အောက်ဆီဂျင်စက် လှူဒါန်းပွဲ အခမ်း အနားကို ဖေဖော်ဝါရီ ၂၅ရက်က အဆိုပါဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

လှူဒါန်းပွဲသို့ တပ်မတော်အုပ်ချုပ်မှု ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇာနည်ဝင်း၊ ပြင်ဦးလွင်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်၊ ခုတင်(၃၀၀)ဆံ့ ဆေးရုံ အုပ်ကြီး ဒေါက်တာ တင်ညိုညိုလတ် နှင့် အထူးကုဆရာဝန်များ၊ ပြင်ဦးလွင် ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး များ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ နှင့် အသင်းအမှုဆောင်များ၊ အလှူရှင် ရပ်ကွက်ကြီး ၆ အိမ်တော်လမ်း ၆၀ (က)နေ ဦးမောင်မောင်-ဒေါ်ဖူဂျီကို မိသားစုများ တက်ရောက်ကြသည်။

### လက်ခံ

လှူဒါန်းပွဲတွင် အလှူရှင် ဦးမောင် မောင်က အောက်ဆီဂျင်စက် လှူဒါန်း ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားပြီး အောက်ဆီဂျင်စက် ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆေးရုံကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးမင်းလွင်က လက်ခံယူပြီး အလှူရှင်အားဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(ဝဲပုံ) (ဝ၈၈)**

## (၇၄)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် မတ် ၁၄**

မြန်မာ့မီးရထား လုံခြုံရေး-၃ (ငြိမ်း) လူမှုထူးချွန်ဆု(ဒုတိယဆင့်) ဦးကျော်စိန် (လုံခြုံရေးဌာနစိတ်၊ ထောက်ပံ့ဌာန)**(အပေါ်ပုံ)**သည် မတ်၅ ရက်ကဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၇၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ ကြောင်း သိရသည်။ **(က-ပ)**

ညောင်တုန်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ကျေးလက်ဒေသ များတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော ထိပ်ဝကြီး ကျေးရွာအုပ်စု အေးရွာရှိ လက်နှိပ် ရေတုံကင်တွင်းကို အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ထိပ်ဝကြီးကျေးရွာ အုပ်စု ဥက္ကဋ္ဌတို့က မတ် ၃ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၂)

ရွှေတောင်မြို့နယ် စည်ပင်သာယာစျေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၂ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ဝင်များက တက်ရောက် အားပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ဦးထွန်းလင်းခြံလမ်း တိုက်အမှတ်(၃၇)၊ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏ ဒုတိယထပ်(ခြေရင်းခန်း)၊ အခန်းအမှတ်(၃ B)၊ အကျယ်အဝန်း ၁၂ ပေ x ပေ ၅၀ ရှိ လူနေတိုက်ခန်း တပ်ဆင်ရေမော်တာ၊ စက်မီတာ၊ ရေ၊ မီး၊မိလ္လာ၊ ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဦးဇော်မျိုး ၁၂/ရကန(နိုင်)၀၁၄၁၁၀ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းများနှင့်အတူ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

**ဦးအေးကြည် (LL.B,D.B.L) ဒေါ်သန်းသန်းဆင့် (LL.B,D.B.L,D.M.L)**
**တရားရုံးချုပ်ရှေ့နေ အထက်တန်းရှေ့နေ**
**အခန်း(၁) နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၈၀-၃၂၂၇၉။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သထုံခရိုင်တရားရုံး**
**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၅၀**

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးကျော်ဝင်းနိုင်
ကျိုက်ထိုမြို့။
**တရားနိုင်** **တရားရှုံး**

သထုံခရိုင်တရားရုံးတော်၌ ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၄၃ တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၄၉၁၃၃၀ဝိ/၅၃ပြား (ကျပ်လေးဆယ့်ကိုးသိန်းတစ်သောင်းတစ်ထောင်သုံးရာ့သုံးကျပ်နှင့်ငါးဆယ့်သုံးပြားတိတိ) ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ်၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

သထုံခရိုင် ကျိုက်ထိုမြို့ သိမ်ဇရပ်ကျေးရွာ အကွက်အမှတ် (အိုအက်စ်အက်စ်-၁)အပြင်ကွင်း ဦးပိုင်အမှတ် ၂၄၄၊ မြေဧရိယာ ၀ ဒသမ ၀၅ ဧကရှိ မြေ။ ယင်းမြေကွက်ပေါ်ရှိ (၁၈ x ၃၆ x၉/၉)ပေရှိ သွပ်မိုး အပေါ်ထပ်လျှာထိုးခင်း၊ ပျဉ်ကာ၊ အောက်ထပ်ကွန်ကရစ်ခင်းနှစ်ထပ် တိုက်ခံအိမ်တစ်လုံး။

**ကြမ်းခင်းဈေး ကျပ်၅၅သိန်း။**

**လေလံစည်းကမ်းချက်များ**

၁။ ပစ္စည်းတွင်ဖော်ထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပေ။
၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဝင်းမော်**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သထုံခရိုင်တရားရုံး**
**၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးတင်ထွန်း
ကျိုက်ထိုမြို့။
**တရားနိုင်** **တရားရှုံး**

သထုံခရိုင်တရားရုံးတော်၌ ၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၆တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၃၅၀၉၄၃ဝိ/၉၄ပြား (ကျပ်သုံးဆယ့်ငါးသိန်းကိုးထောင့်လေးရာ သုံးဆယ့်ကိုးကျပ်နှင့် ကိုးဆယ့်လေးပြားတိတိ) ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၈ခုနှစ် မတ် ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

သထုံခရိုင် ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် အကွက်အမှတ် ၂၄၊ ရှမ်းစုမြောက်၊ ဦးပိုင်အမှတ် ၁၃၀၊ ဧရိယာ ၀ဒသမ၀၂၁ဧကရှိမြေကွက်။ ယင်းမြေကွက်ပေါ်ရှိ (၁၇x ၃၆x ၁၀/၁၀) ပေရှိ အုတ်ကာ လျှာထိုးခင်း၊ အင်္ဂတေခင်းနှစ်ထပ်တိုက်၊ ပတ်ကားအိမ်။

**ကြမ်းခင်းဈေး ကျပ်သိန်း၄၀။**

**လေလံစည်းကမ်းချက်များ**

၁။ ပစ္စည်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပေ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကိုလည်း ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဝင်းမော်**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ရုံးအမှတ် (၄)၊ နေပြည်တော်**

## ကြော်ငြာစာ

မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော နည်းပြရာထူးများအတွက် ရေးဖြေစာမေးပွဲကို ၄-၄-၂၀၀၈ရက်တွင် တိုင်းရင်းဆေးတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ တစ်ဦးချင်းထံသို့လည်း အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို စကားပြောကြေးနန်းအမှတ် ၀၆၇-၄၁၁၃၆၂နှင့် ၀၂-၆၆၁၀၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တိုင်းရင်းဆေးပညာဦးစီးဌာန။**

## အားကစားဝန်ကြီးဌာန

**အားကစားနှင့် ကာယပညာဦးစီးဌာန**
**အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)**
**အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့်**
**အားကစားလေ့ကျင့်ရေးသင်တန်း**

## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၈ခုနှစ် ဇွန်လမှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တို့တွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများကို တက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁-၆-၂၀၀၈ ရက်တွင် အခြေခံပညာအလယ်တန်းအတွက် အသက်(၁၅)နှစ်ထက် မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက်(၁၇)နှစ်ထက် မကြီးသူဖြစ်ရမည်။ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း တက်ရောက်လိုသူများအတွက် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီး သတ္တမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးမည် ဖြစ်ပါသည်။
(ဂ) အားကစားလေ့ကျင့်ရေးသင်တန်းအတွက် ပညာသင်ကြားရေးမပါ အားကစား လေ့ကျင့်ရေး သီးသန့်ဖြစ်ပြီး အလယ်တန်းပညာအဆင့်ရှိ၍(၁-၆-၂၀၀၈)ရက်တွင်အသက်(၁၆)နှစ်မှ(၂၀)နှစ်အတွင်းရှိသူ၊ အနည်းဆုံး အရပ်(၅ပေ၊ ၆ လက်မ)နှင့် ကိုယ်အလေးချိန်ပေါင် (၁၁၀)ရှိသူ၊ အနည်းဆုံးသက်တန်းအလိုက် ပြည်နယ်၊ တိုင်းအဆင့်အထိ ကစားဖူးသူများ ဖြစ်ရမည်။

၂။ **အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အတွက်-**

| | | |
|---|---|---|
| (က) | လေ့ကျင့်ပေးမည့် အားကစားနည်းများ(၁၈)မျိုး | ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ နပန်း၊ ဓားခုတ်၊ သေနတ်ပစ်။ |
| (ခ) | အကျုံးဝင်သောနေထိုင်ရာ ပြည်နယ်နှင့်တိုင်းများ | ကယား၊ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီ။ |

၃။ **အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)အတွက်-**

| | | |
|---|---|---|
| (က) | လေ့ကျင့်ပေးမည့် အားကစားနည်းများ(၁၁)မျိုး | ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ လက်ဝှေ့၊ အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ မြန်မာ့သိုင်း။ |
| (ခ) | အကျုံးဝင်သောနေထိုင်ရာ ပြည်နယ်နှင့်တိုင်းများ | ကချင်၊ချင်း၊စစ်ကိုင်း၊မကွေး၊ မန္တလေး၊ရှမ်းပြည်နယ်(မြောက်ပိုင်း၊တောင်ပိုင်း၊အရှေ့ပိုင်း) |

မှတ်ချက်။ ။ (၁) လျှောက်ထားသူသည် အားကစားနည်းတစ်မျိုးကိုသာ လျှောက်ထားခွင့် ရှိသည်။
(၂) ဘောလုံးအားကစားနည်းအတွက် ထူးချွန်အဆင့်ရှိသူများကိုသာ ရွေးချယ်မည်။
(၃) ဘော်လီဘောအားကစားနည်းအတွက် အနည်းဆုံး ကျား-၆ပေ၊ မ-၅ပေ ၉လက်မရှိရမည်။(ခရိုင်အဆင့်)
(၄) အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် လေ့ကျင့်သင်ကြားပေးခြင်းမရှိသော မြားပစ်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ နပန်း၊ ဓားခုတ်၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ် အားကစားနည်း ခုနစ်မျိုးအတွက် ပြည်နယ်နှင့် တိုင်းအားလုံးမှ လျှောက်ထားနိုင်သည်။

၄။ လျှောက်ထားသည့် အားကစားနည်းအလိုက် အားကစားအဆင့်နှင့် ကျွမ်းကျင်မှုကို စစ်ဆေးခံရမည့်အပြင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးချက်ငါးရပ် [ကျား/မ မီတာ (၁၀၀)အပြေး၊ လက်ထောက်တွန်းတင်၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ ကျားမီတာ(၈၀၀)၊ မမီတာ(၄၀၀) အပြေး]ကို လျှောက်ထားသူတိုင်း စစ်ဆေးခံရမည်။ (ကြိုတင်လေ့ကျင့်ထားရန် လိုအပ်ပါသည်။)

၅။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင် ရယူနိုင်ပါသည်။

၆။ (က) **အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက်-**
ပညာအရည်အချင်းနှင့် အသက်အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊
(ခ) **အားကစားလေ့ကျင့်ရေးသင်တန်းအတွက်-**
အသက်အတွက် မွေးစာရင်း/အိမ်ထောင်စုဇယား/နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အသက်အထောက်အထားနှင့် အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ ထောက်ခံချက်ပါရှိရမည်။

၇။ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများကို ထောက်ခံစာများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများသို့ ပေးပို့ရမည်။

၈။ အသေးစိတ်သိရှိလိုပါက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) တယ်လီဖုန်းအမှတ် (၀၁-၅၅၄၇၂၁)၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) တယ်လီဖုန်းအမှတ်(၀၂-၈၀၉၃၆)နှင့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်၊ ၈၇လမ်း၊ (၂၈x၂၉လမ်းကြား)၊ အမှတ်(၃)နေ ဦးစိုးဝင်းနိုင် ၉/မနတ(နိုင်)၁၀၅၁၀၀၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်၊ အကွက်အမှတ် ၂၄၉၊ ဦးပိုင်အမှတ် ၂၅၊ ဧရိယာ ၀ဒသမ၀၅၈၅ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ R.C(သုံးထပ်)အဆောက်အအုံနှင့် ယင်းအဆောက်အအုံတွင် တပ်ဆင်အသုံးပြု အကျိုးခံစားလျက်ရှိသော ရေ၊ လျှပ်စစ်မီးတို့၏ ပိုင်ဆိုင်သုံးစွဲအကျိုးခံစားခွင့်အားလုံးသည် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၊ မှတ်ပုံတင်ဌာနမှူးရုံး၊ "မေတ္တာစေတနာသက်သက်ဖြင့် အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ပေးကမ်းသည့် စာချုပ်"၊ မှတ်ပုံတင်စာချုပ်အမှတ်-၂၂၈၉/၂၀၀၆ အရ ကျွန်ုပ်၏အမှုသည်က ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် ပစ္စည်းဖြစ်ပါသည်။

အဆိုပါ ကျွန်ုပ်အမှုသည်ပိုင်ပစ္စည်းကို ကျွန်ုပ် အမှုသည်၏အတိအလင်း သဘောတူညီချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အငှားချထားခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းများကို မပြုလုပ်ရန်နှင့် ပြုလုပ်သည်ကို လက်ခံရယူခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမပြုဘဲ ပြုလုပ်/လက်ခံ ဆောင်ရွက်ပါက ပြုလုပ်/လက်ခံသူများ၏ တာဝန်သာဖြစ်ပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ယု**
**ဦးစိုးဝင်းနိုင်၏တရားရုံးချုပ်ရှေ့နေ။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သထုံခရိုင်တရားရုံး**
**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၄၁**

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးရင်အောင်
ကျိုက်ထိုမြို့။ ၂။ ဒေါ်ရင်သိန်း
**တရားနိုင်** **တရားရှုံးများ**

သထုံခရိုင်တရားရုံးတော်၌ ၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၃၈၆၁၀၂ဂိ/၄၃ပြား (ကျပ်သုံးဆယ့်ရှစ်သိန်း ခြောက်သောင်းတစ်ထောင် နှစ်ဆယ့်ခုနစ်ကျပ်နှင့် လေးဆယ်သုံးပြားတိတိ) ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ်၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

သထုံခရိုင် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် အကွက်အမှတ်(၂၈-အီး)၊ ကုလားတန်း ဦးပိုင် ၅၂၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေ။ ယင်းမြေကွက်ပေါ်ရှိ (၁၈ x ၃၀ x၉/၁၀)ပေ အုတ်ကာ၊ အင်္ဂတေပျဉ်ခင်း၊ အပေါ်အုတ်တစ်ဝက်ကာ၊ မျက်နှာကြက်ပါ နှစ်ထပ်တိုက်ခံနှင့် (၁၁ x ၁၅ x ၉)ပေ အင်္ဂတေခင်း၊ အုတ်ကာ၊ သွပ်မိုး၊ဘေးမီးဖိုချောင်ပါ။

**ကြမ်းခင်းဈေး ကျပ် ၄၂သိန်း။**

**လေလံစည်းကမ်းချက်များ**

၁။ ပစ္စည်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရသိရှိသမျှဖြစ်သည်။မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပေ။
၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကိုလည်း ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဝင်းမော်**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သထုံခရိုင်တရားရုံး**
**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၄၃**

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်အုံးကြည်
ကျိုက်ထိုမြို့။
**တရားနိုင်** **တရားရှုံး**

သထုံခရိုင်တရားရုံးတော်၌ ၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၇ တွင် ချမှတ်ခဲ့သော ဒီကရီအရ တရားရှုံးက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၅၀၂၂၇၅၄ိ/၁၅ပြား (ကျပ်သိန်းငါးဆယ် နှစ်သောင်းနှစ်ထောင်ခုနစ်ရာငါးဆယ့်လေးကျပ်နှင့်တစ်ဆယ့်ငါးပြားတိတိ) ပေးသွင်းရန် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ်၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

သထုံခရိုင် ကျိုက်ထိုမြို့ ဖက္ကလိပ်ကျေးရွာအကွက်အမှတ်-၁၃၉(က)၊ နောင်ဘို စားကျက် ဦးပိုင် ၅၆၊ မြေချိန်ဧရိယာ၀ဒသမ ၄၅ဧကရှိမြေ၊ ယင်းမြေကွက်ပေါ်ရှိ (၂၆ x ၄၆ x၉/၉)ပေရှိ အောက်ထပ် အင်္ဂတေခင်း၊ အုတ်ကာ၊ အပေါ်ထပ်ရှေ့တစ်ဝက်၊ အုတ်ကာ ပျဉ်ကာပျဉ်ခင်း၊ နှစ်ထပ်တိုက်ခံအိမ်။

**ကြမ်းခင်းဈေး ကျပ် ၅၄ သိန်း။**

**လေလံစည်းကမ်းချက်များ**

၁။ ပစ္စည်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပေ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဝင်းမော်**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး။**

## ပရိယတ္တိမူလ စာမေးပွဲကျင်းပ

**ဖြူး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်း ဖြူးမြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့က ကြီးမှူးကျင်းပသော (၃၄)ကြိမ်မြောက် ပရိယတ္တိမူလစာမေးပွဲကို ဖေဖော်ဝါရီ ၁၄ရက်မှ ၁၉ ရက်အထိ ဖြူးမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။ ယင်းစာမေးပွဲတွင် စာဖြေသံဃာတော် ၄၇၁ ပါး ဝင်ရောက်ဖြေဆိုတော်မူခဲ့ကြသည်။

**ဟောကြား**

အဆိုပါ ပရိယတ္တိမူလစာမေးပွဲကို အဆင့်သုံးဆင့်ဖြင့် ကျင်းပလျက်ရှိပြီး စာဖြေရက်များအတွင်း ဓမ္မကထိကဆရာတော်ကြီးများက ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူကြကြောင်း သိရသည်။ **(၀၅၁)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**တပေါင်းလဆန်း ၈ရက်**
**၁၄-၃-၂၀၀၈**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

**နေ့လယ်ပိုင်း**

၁၁း၃၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
(အသားပြုပြင်ထုတ်လုပ်မှု လုပ်ငန်း)
၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ
(မျက်စိကျန်းမာရေးနှင့် အမြင်သန်စွမ်းရေး)
၁၂း၃၀ ဇာတ်လမ်းပမာ နားဆင်စရာ
(လွမ်းလွင့်လိပ်ပြာ)

**ညနေပိုင်း**

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) နွေဦးတေးသံ (မေလှမြိုင်)
(၂) ကျေးလက်နွေဦး ပန်းချီကားတစ်ချပ် (ဟသ်ာတ အောင်မြင့်ထွန်း)
(၃) နှင်းပျောက်တဲ့နွေ (မဥ္ဇူသင်း)
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ
(အမှတ်-၂ တပ်မတော်ဆေးရုံ ဆေးပညာဌာနမှ ပါမောက္ခဌာနမှူး- ဒုတိယဗိုလ်မှူးကြီး ယဉ်ယဉ်ထွန်းနှင့် ဆွေးနွေးခန်း)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း
(အသည်းချင်းစုံတဲ့ ပဲစင်းငုံ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ
(အလုပ်ခွင်စနစ်တစ်ခု၏ လူမှုရေးသိပ္ပံအကြောင်း) (မောင်ဆုရှင်)
၁၉း၁၅ နှောင်းခေတ်ကြေးမုံ ဇာတ်လမ်းစုံ
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အသည်းစကား (သုမောင်)
(၂) ရွှေဘုံပေါ်မှာစံချင်သူ (သန်းသန်းဆင့်)
(၃) ဝေးပြီ (စန္ဒရားလှထွတ်)

# ပြည်သူ့သဘောထား

- တည်ငြိမ်မှုကို လိုလားသည်
- အေးချမ်းမှုကို လိုလားသည်
- ဆူပူအကြမ်းဖက်မှုကို မလိုလား

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရော၀တီတိုင်းကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဧရာ၀တီတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ရှိ ဧရာ၀တီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးစံလွင်နှင့် ဦးတင်ဆန်းတို့က ဆောင်ရွက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစံလွင်က အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဧရာ၀တီတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ဧရာ၀တီတိုင်းကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစံလွင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဧရာ၀တီတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကျင်းပစဉ်။**
(သတင်းစဉ်)

**သာယာမည်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

## ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ်လိုလားကြပါလျှင်

မြန်မာနိုင်ငံတွင် မကြာမီဖြစ်ထွန်းလာတော့မည့်ဒီမိုကရေစီလမ်းကြောင်းသည် နိုင်ငံနှင့် လူမျိုး၏ ပကတိ အကျိုးစီးပွားကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ရာ "ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အမှန်တကယ်လိုလားကြပါလျှင်" ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်မှ တစ်ပါး အခြားရွေးချယ်စရာလမ်းမရှိပါ။

ကေတုနီလာ၏ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

14-3-08 (20).pmd 1 3/14/2008, 12:10 AM